# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်စဉ်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းတည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျင်းပပြုလုပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ ဖတ်စရာ


**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြဋ္ဌာန်း**
ဥပဒေပြဋ္ဌာန်း စာ ၆

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး**
ပြည်တွင်းသတင်း စာ ၈

**အမေရိကန်သမ္မတဟောင်း ထရမ့်၏ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်အကောင့်များ မက်တာကုမ္ပဏီမှ ပြန်လည်အသုံးပြုခွင့်ပေး**
နိုင်ငံတကာသတင်း စာ ၁၇

# တစ်ဘဝတွင် တစ်ခါမျှ ကြုံရခဲသည့် ကုသိုလ်

'မာရ'ဟူသော ပါဠိစကား၏ အနက်အဓိပ္ပာယ်မှာ 'သေခြင်း၊ သေစေခြင်း' ဟူ၍ဖြစ်သည်။ သတ္တဝါများ သေရခြင်း၊ သေခြင်း မကင်းရခြင်းသည် 'မာရ်ငါးပါး' ဖြစ်သော ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်တို့ကို အကြောင်းခံသည်။ 'မာရဝိဇယ' ဟူသည် မာရ်ငါးပါးတို့ကို အောင်မြင်ခြင်း ဟူသော အနက်အဓိပ္ပာယ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက် စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် ဟူသော ရည်ရွယ်ချက်လေးရပ်ဖြင့် ကမ္ဘာပေါ်တွင် ဉာဏ်တော်အမြင့်ဆုံးသော ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးဖြစ်လာမည့် "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက်၊ အေးမြသာယာသည့် မင်္ဂလာအချိန်အခါတွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ပြီးဖြစ်သည်။

ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန်အတွက် ဗောဓိပင်ကိုအမှီပြု၍ တရားအားထုတ်တော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိ၍ ဘုရားဖြစ်တော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို အမှီပြု၍ အရှေ့ဘက်သို့ မျက်နှာပြုပြီး အပရာဇိတ ပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူကာ ဘုရားမဖြစ်သမျှ ဤနေရာမှ မထတော့ပြီဟု အင်္ဂါလေးပါး ဝီရိယတရားတို့ဖြင့် ထိုင်တော်မူစဉ် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်သည် ၎င်း၏ အခြံအရံနတ်သားများနှင့် အရှေ့၊ လက်ဝဲ၊ လက်ယာ၊ အထက်ယူဇနာများစွာ ထုထည်ကြီးမားလှစွာသော မာရ်စစ်သည်များနှင့်တကွ ကိုယ်တိုင်လည်း လက်ရုံးတစ်ထောင်ကို ဖန်ဆင်းကာ လက်နက်မျိုးစုံစွဲကိုင်လျက် ယူဇနာ ၁၅၀ ရှိသည့် မေခလာဆင်ကို စီးကာ ကြောက်မက်ဖွယ် ပုံသဏ္ဌာန် အဆင်း၊ အသံများဖြင့် တစ်ခဲနက်ကြွေးကြော်တိုက်ခိုက်ကြသည်။ သို့ရာတွင် ဘုရားအလောင်းတော်၏ ဘဝများစွာတွင် ဖြည့်ကျင့်ခဲ့သော ပါရမီကုသိုလ်တော်နှင့် မေတ္တာစေတနာတို့ကို မယှဉ်နိုင်သည့်အတွက် တိုက်ခိုက်မှုမှန်သမျှ အရေးနိမ့်ခဲ့ရကာ မာရ်နတ်နှင့် အပေါင်းအပါတို့ ဝသဝတ္တီနတ်ပြည်သို့ တပ်ခေါက်ပြန်ပြေးကြရသည်။

မာရ်အောင်မြင်ဟု အဓိပ္ပာယ်ရသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို 'ဇယန္တော ဗောဓိယာ မူလေ' အစရှိသည့် ဇယမင်္ဂလာအောင်ဂါထာများ ရွတ်ဆိုပူဇော်လျက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်တော်မူပြီဖြစ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်း၏ ကောင်းမြတ်သော ရည်ရွယ်ချက်များ ထင်ရှားစွာဖြစ်ပေါ်လျက် ဗုဒ္ဓသာသနာတော်မြတ်ကြီး ကမ္ဘာသို့တိုင် ထွန်းလင်းတောက်ပလာမည်၊ နိုင်ငံတစ်ဝန်း အေးချမ်းသာယာလျက် နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနိုင်ကြမည်၊ တိုင်းကားပြည်ရွာ တိုးတက်စည်ကားဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါကြောင်းနှင့် တစ်သက်တွင် တစ်ခါကြုံရခဲသည့် ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုတွင် ကုသိုလ်အဖို့ အစုတို့ တတ်အားသရွေ့ ပါဝင်နိုင်ကြစေရေး နိဗ္ဗာန်အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## သံအမတ်ကြီး ဦးလွင်ဦး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇန်နဝါရီ ၂၆

ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာမြို့ရှိ Presidential Palace "Akorda" ၌ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကတ်ခ်ဆန် ဂျိုးမာ့တ် တိုးကာရှော့ဖ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်း ကို ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်းနေရာ လေးခုတို့အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်စဉ်။



သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင် သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်းနေရာ လေးခုတို့အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်စဉ်။



## ပက်ဖျန်း ပူဇော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာပလ္လင်တော် ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင် ကရိန်းနေရာ လေးခုတို့အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်စဉ်။

❍ *ရှေ့ဖုံးမှ*

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင် သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

### သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မာရဝိဇယ ဗုဒ္ဓပူဇာဘွဲ့သီချင်းဖြင့် သီကျူးပူဇော်၍ မင်္ဂလာဋ္ဌေခရ၊ အောင်စည် အောင်မောင်းတို့ကို အောင်ကြောင်းမင်္ဂလာအဖြစ် သုံးကြိမ်တီးခတ်ပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် သမန္တာမုစ၍ မေတ္တာသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို နာယူကြည်ညိုကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟာက မေတ္တာပို့လင်္ကာတို့ကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများ အမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာပလ္လင်တော်အနီးရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး ရတနာပလ္လင်တော်၊ ရတနာပလ္လင်တော်အထောက်အကူပြု သံမဏိစင်၊ ဆင်းတုတော် ထည့်သွင်းထားသည့် သံမဏိပန်းတောင်း၊ ဆင်းတုတော်အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်းနေရာ လေးခုတို့အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်သည်။

### စတင်ပင့်ဆောင်ပူဇော်

ဆက်လက်၍ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တော်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်သည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်းလုပ်ငန်းများကို လုပ်ငန်းစဉ်အလိုက် ဆက်လက်ဆောင်ရွက်ရာ သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ **“ဇယန္တော ဗောဓိယာ မူလေ”** အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ရာတွင် ရတနာပလ္လင်တော်သည် အမြင့် ၁၈ ပေ၊ အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိကာ ယနေ့ပင့်ဆောင်သည့် ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး၏ စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ဖြစ်ကြောင်း၊ အဆိုပါ ဆင်းတုတော်အစိတ်အပိုင်းကြီးအား သံမဏိမျှော်စင် ဝန်ချီစက်အသုံးပြု၍ ရတနာပလ္လင်တော်ပေါ်သို့ စတင်ပင့်ဆောင်ခြင်းဖြစ်ပြီး ရတနာပလ္လင်တော်ပေါ်သို့ ရောက်ရှိရန် ပင့်ဆောင်ချိန် ၇၂ နာရီခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

### ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး

ဆက်လက်ပြီး အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာဖတ်ကြား၍ မေတ္တာပို့အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကာ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်း၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အဦများ ထည့်သွင်းတည်ဆောက်ခြင်း၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ဗန်းမော်ဆရာတော်ဘုရားကြီး၊ သီတဂူဆရာတော်ဘုရားကြီးတို့ အမှူးပြုသည့် သံဃာတော်များထံမှ ဩဝါဒများကို ခံယူသည်။

### ရှင်းလင်းလျှောက်ထား

ထို့နောက် ဆရာတော်ကြီးများ အမှူးပြု၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများ သိရှိလိုသည်များကို ရှင်းလင်းလျှောက်ထားခဲ့ပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူသည်။

အဆိုပါ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန်** စသည့်ရည်ရွယ်ချက် လေးရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများက သမ္ဗုဒ္ဓေမှစ၍ မေတ္တသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြစဉ်။

*စာမျက်နှာ ၃ မှ*

၂၀၁၈ ခုနှစ်တွင် စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုများအား သိရှိနိုင်ရန် X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကာ ဉာဏ်တော်နှင့် ပလ္လင်တော်များ ထုဆစ်ရရှိနိုင်မည့် အခြေအနေများကို လေ့လာတွက်ချက်ခဲ့ကြောင်း၊ ထို့နောက် စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းအထိ ရေလမ်းကြောင်းဖြင့်လည်းကောင်း၊ ထိုမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့် နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့် နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီး အပါအဝင် အခြားသော သာသနိကအဆောက်အဦများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော်ကြီးများ၏ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆရာတော်ကြီးများ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးစဉ်။

*စာမျက်နှာ ၄ မှ*

ဩဝါဒမိန့်ကြားချက်များအရ ဆဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်လျက်ရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ၂၆ ဒီဂရီအထိ ရောက်ရှိ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံမဏိမျှော်စင် ဝန်ချီစက် အသုံးပြု၍ ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် ည ၁၂ နာရီတိတိတွင် ၂၆ ဒီဂရီအထိ ရောက်ရှိနေမှုကို ဖူးတွေ့ရစဉ်။



## မြိတ်မြို့၌ စေတီပုထိုးများကို ထုံးသင်္ကန်းဆက်ကပ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်

**မြိတ် ဇန်နဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် သန့်ရှင်းရေးများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်းသန့်ရှင်းရေးများကို ပြုလုပ်လျက်ရှိကြရာ ယနေ့နံနက်ပိုင်းက တောကျောင်းပရိယတ္တိစာသင်တိုက်ရှိ ရေးဟောင်းသမိုင်းဝင်ဘုရားစေတီတွင် ကုသိုလ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး စေတီသုံးဆူကို ထုံးသင်္ကန်းကပ်လှူခဲ့ကြသည်။

စုပေါင်းသန်းရှင်းရေးကို တောကျောင်း ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပရိဝုဏ်တွင် ချုံနွယ်များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး သမိုင်းဝင်ဘုရားရင်ပြင်၊ စေတီတော်နှင့်ဝန်းကျင်တို့၌ အမှိုက်များ ရှင်းလင်းဆောင်ရွက်ခဲ့ကြကာ စေတီတော်သုံးဆူကို ထုံးသင်္ကန်းကပ်လှူ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသန့်ရှင်းရေးကို မြိတ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်တပ်မတော်သားများ စုစုပေါင်း ၂၅၀ကျော်ဖြင့် စုပေါင်းကုသိုလ်ပြုဆောင်ရွက်ခဲ့ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် –

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ကော်မရှင်** ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

( ဂ ) **နိုင်ငံရေးပါတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းကိုဆိုသည်။

(ဃ) **ပါတီ** ဆိုသည်မှာ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်သည့် နိုင်ငံရေးပါတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပါတီ၏ ပါတီအဖွဲ့ခွဲအဆင့်ဆင့်လည်း ပါဝင်သည်။

( င ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတို့ကိုဆိုသည်။

( စ ) **အထွေထွေရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။

(ဆ) **ကြားဖြတ်ရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲရွှေ့ဆိုင်းထားရခြင်းကြောင့် ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှ ရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကို ဆိုသည်။

( ဇ ) **မဲဆန္ဒနယ်** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ရန် ဥပဒေနှင့်အညီ ကော်မရှင်က သတ်မှတ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်ကို ဆိုသည်။

( ဈ ) **ပါတီပိုင်ပစ္စည်း** ဆိုသည်မှာ ပါတီပိုင်ရန်ပုံငွေနှင့် ပါတီပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကိုဆိုသည်။

(ည) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်–

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားသူများနှင့်လည်း သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသော ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches)က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် မိမိတို့ကိုးကွယ်သော ဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်း သို့မဟုတ် အမိန့်ညွှန်ကြားချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ်တစ်စုတွင် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်များ၊

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု၊ ပဏ္ဍိတ၊ မဟန့်၊ စံညာစီ၊ စံညာစိနီ၊ ဆာဒူး (ဆာဒူးကြီး)၊ ဆာဒ်ဝီ၊ ဆွာမိ၊ ဆွာမိနီ အပါအဝင် ဟိန္ဒူဘုန်းတော်ကြီးများ၊

(၄) အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ သို့မဟုတ် မော်လာနာ၊ ဟာဖိဇ်၊ အီမန်၊ မုဖ်သီ၊ မုဖတ်စိရ်၊ အိုလမာ၊ ပီရ် သို့မဟုတ် မရှာအိခ် အပါအဝင် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်းများ။

(ဋ) **ထောင်ဒဏ်ကျခံနေရသူ** ဆိုသည်မှာ တရားရုံးတစ်ခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာတရားရုံး၏ ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားသော ထောင်ဒဏ်ကျခံနေရဆဲဖြစ်သူလည်း ပါဝင်သည်။

**အခန်း(၂)**
**နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့်မှတ်ပုံတင်ခြင်း**

၃။ (က) ပါတီတစ်ရပ်တည်ထောင်၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်လိုသည့် ပါတီတည်ထောင်လိုသူ အနည်းဆုံး ၁၅ ဦးသည် ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပါတီဝင်များကို ဥပဒေနှင့်အညီ စည်းရုံးခွင့်ပြုရန် ကော်မရှင်သို့ လျှောက်ထားရမည်။ လျှောက်လွှာတွင် ယင်းတို့သည် ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သူများဖြစ်သည့်အပြင် ပုဒ်မ ၆ ပါ အချက်များကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ လျှောက်ထားသော လျှောက်လွှာကို လက်ခံရရှိလျှင် ကော်မရှင်သည် လျှောက်လွှာတွင် ဖော်ပြထားသောအချက်များကို စိစစ်၍ ဥပဒေနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက လျှောက်ထားချက်ကို ခွင့်ပြုရမည်။ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

( ဂ ) ပါတီတည်ထောင်လိုသူများသည် ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိလျှင် မိမိတို့အနက်မှ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို ရွေးချယ်ရမည်။

၄။ ပါတီတည်ထောင်လိုသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည် –

(က) နိုင်ငံသားဖြစ်ခြင်း၊

( ခ ) အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

( ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

( င ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

( စ ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူ မဟုတ်ခြင်း၊

( ဇ ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ခြင်း။

၅။ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့သည် ကော်မရှင်က သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်း၍ မိမိတို့တည်ထောင်လိုသောပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ပါအချက်များကိုတင်ပြပြီး သတ်မှတ်သည့်အတိုင်း ကော်မရှင်သို့ လျှောက်ထားရမည် –

(က) တည်ထောင်လိုသောပါတီ၏ အမည်၊ အလံနှင့်တံဆိပ်၊

( ခ ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်၊

( ဂ ) ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ၊

(ဃ) ပုဒ်မ ၄ ပါ အချက်များနှင့်ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

( င ) ပုဒ်မ ၆ နှင့်အညီ ပြုလုပ်ထားသော ဝန်ခံချက်၊

( စ ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက်၊

(ဆ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထား၊

( ဇ ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက်။

၆။ အောက်ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ကို ပုဒ်မ ၅ အရ လျှောက်ထားသည့်လျှောက်လွှာတွင် ဖော်ပြရမည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ရေး၊

( င ) ဘာသာရေးကိုနိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရေး၊

( စ ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း မပြုရေး။

၇။ အောက်ပါအဖွဲ့အစည်းတစ်ရပ်ရပ်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခွင့်မရှိစေရ –

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း၊

( ခ ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်း၊

(ဂ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း၊

(ဃ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်း၊

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း။

၈။ (က) ပုဒ်မ ၅ ပုဒ်မခွဲ (က)အရ ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို တင်ပြရာတွင် ဘာသာ၊ သာသနာနှင့် ယှက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတကို ရှောင်ရှားရမည်။

( ခ ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့သည် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် ပုဒ်မ ၅ အရ လျှောက်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်နှင့် တူညီနေလျှင်သော်လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်နေလျှင်သော်လည်းကောင်း ကွဲပြားစေရေးအတွက် ဆောင်ရွက်ရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် လျှောက်လွှာကို ပယ်ရမည်။

၉။ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်အခါ ကော်မရှင်သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ် ညီညွတ်ခြင်းမရှိပါက မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

၁၀။ ပါတီဝင်များစည်းရုံးရာတွင် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စည်းရုံးရမည် –

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

( ခ ) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

( ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

( င ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

( စ ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူမဟုတ်ခြင်း၊

( ဇ ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ခြင်း၊

( ဈ ) အခြားနိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင် မဟုတ်ခြင်း၊

(ည) ပုဒ်မ ၆ ပါ အချက်များကို စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံထားသူဖြစ်ခြင်း။

၁၁။ ပါတီတစ်ခုသည် ပုဒ်မ ၉ အရ မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ –

(က) သတ်မှတ်ချက်များနှင့် ကိုက်ညီသော ပါတီဝင်ခွင့် လျှောက်ထားသူများအား ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း၊ ပါတီဝင်များထံမှ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများ ကောက်ခံခြင်းနှင့်စည်းရုံးခြင်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

( ခ ) ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးပြီးသော ပါတီဝင်အင်အားစာရင်းကို ပြုစုထားရှိပြီး ယင်းစာရင်းကို သတ်မှတ်သည့်အတိုင်း ကော်မရှင်သို့ တင်ပြရမည်။

## အခန်း(၃)
## ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း

၁၂။ (က) ပါတီတစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ –

(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ ထက်ဝက်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) အနည်းဆုံး မဲဆန္ဒနယ်တစ်နယ်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊

(၃) လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲကျင်းပပြီးသည့် နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊

**ရှင်းလင်းချက်။** ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပြီး မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်မရှိပါက အထက်ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်စေရ။

(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခံရခြင်း၊

(၅) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(၆) ပုဒ်မ ၆ ပါ ဝန်ခံချက်တစ်ရပ်ရပ်ကို စောင့်ထိန်းလိုက်နာရန် ပျက်ကွက်ခြင်း၊

(၇) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

**ခြွင်းချက်။** (၁) နိုင်ငံတော်ပိုင် ငွေကြေးဟူသော စကားရပ်တွင် ထိုပါတီ၌ ပါဝင်သောပုဂ္ဂိုလ်များ၏ အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊

(၂) နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ထိုပါတီ၌ ပါဝင်သော ပုဂ္ဂိုလ်များအား ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့ မပါဝင်။

(၈) ပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း မပြုဘဲ တမင်ထိမ်ချန်ထားရှိခြင်း၊

(၉) ပုဒ်မ ၅ ပုဒ်မခွဲ (စ) ပါ သတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေကို စည်းရုံးမှုမပြုနိုင်ကြောင်း တွေ့ရှိခြင်း၊

(၁၀)ပုဒ်မ ၅ ပုဒ်မခွဲ (ဇ) ပါ သတ်မှတ်ချက်အတိုင်း ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း တွေ့ရှိခြင်း။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ (က)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ယင်းပါတီကိုလည်း ဖျက်သိမ်းရမည်။

၁၃။ ပါတီတစ်ခုသည် ပုဒ်မ ၅ ပုဒ်မခွဲ (စ) ပါ အနည်းဆုံး ပါတီဝင်အရေအတွက်ကို သတ်မှတ်ထားသည့်ရက်အတွင်း စည်းရုံးရရှိပြီးကြောင်း ကော်မရှင်သို့တင်ပြရမည်။ ယင်းသို့ တင်ပြပြီးသည့် နောက်ပိုင်းတွင် ယင်းပါတီ၏ ပါတီဝင်အရေအတွက်မှာ သတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်အရေအတွက်အောက် လျော့နည်းသွားပါက ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များအတိုင်း ပြည့်မီစေရေးအတွက် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်လျှင် ကော်မရှင်က ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

## အခန်း(၄)
## ရန်ပုံငွေနှင့်ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁၄။ ပါတီပိုင်ပစ္စည်းများထိန်းသိမ်းခြင်းနှင့် သတ်မှတ်သည့်အတိုင်း စာရင်းများ စနစ်တကျပြုစုထားရှိခြင်းတို့ကို အောက်ပါပုဂ္ဂိုလ်များက တာဝန်ယူဆောင်ရွက်ရမည် –

(က) ပါတီဌာနချုပ်အတွက်ဖြစ်လျှင် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီများအတွက်ဖြစ်လျှင် သက်ဆိုင်ရာ ပါတီအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပါတီအတွက်ဖြစ်လျှင် သက်ဆိုင်ရာ စည်းရုံးရေးမှူး။

*စာမျက်နှာ ၈ သို့*

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၂၆

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားတူညီပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြပြီး **(အပေါ်ပုံ)** လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

၁၅။ (က) ပါတီပိုင်ရန်ပုံငွေကို အောက်ပါအတိုင်း ကောက်ခံစုစည်း၍ စာရင်းပြုစုထားရမည် -

(၁) ပုဒ်မ ၁၁ အရ ကောက်ခံရရှိထားသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေး၊

(၂) ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ နိုင်ငံသားပိုင်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီအစုအဖွဲ့ကဖြစ်စေ ၎င်းတို့ တရားဝင်ရရှိထားသော ငွေကြေးပစ္စည်းများထဲမှ ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး သို့မဟုတ် ပစ္စည်း၊

(၃) ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသော ငွေနှင့် အမြတ်အစွန်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ရရှိသော ငွေကြေး၊ ပစ္စည်းများပေါ်တွင် ထမ်းဆောင်ရမည့် အခွန်အခများကို ကင်းလွတ်ခွင့်ပြုသည်။

၁၆။ ပါတီတစ်ခုသည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း-

(က) မိမိပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

(ခ) အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် သတ်မှတ်ထားသော အသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

၁၇။ ပါတီတစ်ခုသည် မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီ စည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

၁၈။ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။

၁၉။ (က) ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပုဒ်မခွဲ (က)အရ အပ်နှံသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၅)**

**အထွေထွေ**

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

(ခ) မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၂၁။ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ ပါတီအဆင့်ဆင့်ဖွဲ့စည်းမှုသည် အုပ်ချုပ်ရေးဆိုင်ရာ နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၂၃။ ကော်မရှင်သည် ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်စေရန် ကြီးကြပ်နိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ကော်မရှင်ကိုယ်စား ကြီးကြပ်ရန် တာဝန်ပေးအပ်နိုင်သည်။

၂၄။ (က) ပါတီတစ်ခုသည် ဤဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း ကော်မရှင်ကတွေ့ရှိလျှင် ကော်မရှင်သည် ထိုပါတီအား လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်။

(ခ) ပါတီတစ်ခု၏ ပါတီတွင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဦးဦးက ကော်မရှင်သို့ တင်ပြတိုင်ကြားလာပါက ကော်မရှင်သည် စုံစမ်းစစ်ဆေး၍ လိုအပ်လျှင် နိုင်ငံတော်၏အကျိုးငှာ ထိုပါတီအား လိုက်နာဆောင်ရွက်ရမည့်အချက်များကို အချိန်ကာလ သတ်မှတ်၍ ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)အရ ညွှန်ကြားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မရှင်သည် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို သုံးနှစ်အထိ ယာယီရပ်ဆိုင်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ ပါတီ၏မှတ်ပုံတင်ထားခြင်းကို ယာယီရပ်ဆိုင်းခြင်းခံရလျှင် ယင်းပါတီသည် ထိုယာယီရပ်ဆိုင်းထားသော ကာလအတွင်း ကော်မရှင်က ညွှန်ကြားထားသော လုပ်ငန်းများမှအပ ပါတီ၏ ကျန်လုပ်ငန်းအားလုံးကို ရပ်ဆိုင်းထားရမည်။

(င) ပုဒ်မခွဲ (ဂ) ပါ ထိုယာယီရပ်ဆိုင်းထားသည့် ကာလကုန်ဆုံးသည်အထိ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကော်မရှင်သည် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

၂၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂ /၂၀၁၀) အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ဤဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၇။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၁၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည် -**

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❍ *ကျောဖုံးမှ*

ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက် လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင် မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းခဲ့ကြသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် ကျန်းမာရေးအရ ထိုင်းနိုင်ငံတွင် ဆေးကုသမှု ခံယူနေခဲ့သဖြင့် ဘွဲ့လက်ခံရယူနိုင်ခဲ့ခြင်း မရှိသည့် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသူ JMC-U အဖွဲ့ဝင် သိက္ခာတော်ရဆရာတော် စောမက်သယူးအေး ကို ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမ၌လည်းကောင်း၊ ကျန်းမာရေးအရ အိန္ဒိယနိုင်ငံတွင် ဆေးကုသမှုခံယူနေခဲ့သဖြင့် ဘွဲ့လက်မှတ်ရယူနိုင်ခဲ့ခြင်းမရှိသည့် သီရိပျံချီဘွဲ့ရရှိသူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် နာယက ဦးနန္ဒ ကို ၎င်း၏နေအိမ်၌လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ နေအိမ်သို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ - ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှုသည် (၇၅)နှစ် စိန်ရတုနှစ်ပတ်လည်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ပြုလုပ်ခဲ့သည့် အရှေ့ဖျား စီးပွားရေးဖိုရမ်ကာလအတွင်း နှစ်နိုင်ငံ အကြီးအကဲများ တွေ့ဆုံခဲ့မှုမှတစ်ဆင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၆**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ - ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှုသည် ယခုနှစ်တွင် စိန်ရတုနှစ်ပတ်လည် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၅၀ ပြည့်လွန်ကာလများတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေး အထူးကောင်းမွန်ခဲ့ပြီး ယခုတစ်ဖန် နှစ်နိုင်ငံဆက်ဆံရေးမှာ စာမျက်နှာသစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ ဘဏ္ဍာရေး အစရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုလမ်းကြောင်းများ ရှာဖွေဖော်ထုတ်ရေးနှင့် ရုရှားကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား - မြန်မာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ် နေကြာမျိုးစေ့စိုက်ပျိုးပွဲ တက်ရောက်အားပေး

**ပုသိမ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာ တောင်သူ ဦးအောင်ကျော်ခိုင်၏ လယ်မြေ ငါးကေ၌ ပြုလုပ်သည့် နေကြာမျိုးစေ့စိုက်ပျိုးပွဲ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့်အတူ (Super Sun 41) နေကြာမျိုးစေ့များကို စုပေါင်းစိုက်ပျိုးပေးခဲ့ပြီး **(ယာပုံ)** ရေပေးခြင်း၊ အစာကျွေးခြင်း လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများမှ မိမိတို့ခရိုင်၊ မြို့နယ်များအလိုက် ဘုရားကျောင်းကန်များ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စေတီပုထိုးများအား ထုံးသင်္ကန်းကပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပုသိမ်ခရိုင် ပုသိမ်မြို့ရှိ လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော်မြတ်၊ တဂေါင်းမင်္ဂလာမဟာစေတီတော်မြတ်၊ လောကနန္ဒာစေတီတော်မြတ်နှင့် ပုသိမ်မြို့ပေါ်ရှိဘုရားစေတီများအား ရေသပ္ပာယ်



ခြင်း၊ ထုံးသင်္ကန်းကပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ စေတီတော်ရင်ပြင်တော်များအား တံမြက်လှည်းသန့်ရှင်းရေး ကုသိုလ်ယူခြင်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး ထုံးသင်္ကန်းကပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ ဟီရိုရှီးမားတက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး



**မြိတ် ဇန်နဝါရီ ၂၆**

မြိတ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ ဟီရိုရှီးမားတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းအခမ်းအနားကို မြိတ်တက္ကသိုလ်ပုလဲသစ္စာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီကကျင်းပရာ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာဝင်းဝင်းသန်းက သုတေသန ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဟီရိုရှီးမားတက္ကသိုလ်မှ ပါမောက္ခ Dr. Kazuiko Koike က တက္ကသိုလ်နှစ်ခုအကြား အဏ္ဏဝါသိပ္ပံဘာသာရပ်ဆိုင်ရာ အသိပညာများ မျှဝေပေးသွားမည့်အကြောင်း ဆွေးနွေးသည်။ ထို့နောက် တက္ကသိုလ်နှစ်ခုအကြား (MoU) ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ **(ဝဲပုံ)**

ယင်းကဲ့သို့(MoU) ရေးထိုးနိုင်ခြင်းကြောင့် နှစ်ဖက်အဖွဲ့အစည်းမှ ပညာရှင်များ အသိပညာများ ဖလှယ်နိုင်ခြင်း၊ တက္ကသိုလ်ဌာနများရှိ သုတေသနပညာရှင်များဖလှယ်၍ သုတေသနအရည်အသွေးများ မြင့်တက်လာစေခြင်း၊ နိုင်ငံတကာသုတေသနဂျာနယ်များတွင် ပူးပေါင်းသုတေသနများ ဆောင်ရွက်ထုတ်ဝေနိုင်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်တင်စေခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

# ဆင်းရဲခြင်းလွတ်ကင်းအောင်

ခန့်ဇော် (ကျေးလက်)

**စာရေးသူအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခရိုင်မှူး/ မြို့နယ်ဦးစီးမှူး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေမှာ ခေါင်းဆောင်မှုဘာသာရပ်ကို သင်ပေးလေ့ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေအကြောင်း၊ ဆင်းရဲရတဲ့အကြောင်းရင်း၊ အာဆီယံနိုင်ငံများရဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအခြေအနေတွေကိုလည်း မျှဝေသင်ကြားပေးခဲ့ပါတယ်။ ဆင်းရဲရတဲ့အကြောင်းရင်းတွေ၊ ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအကြောင်းကို မျှဝေပေးဖို့ စဉ်းစားမိလို့ ယခုဆောင်းပါးကို ရေးဖြစ်ပါတယ်။**

> *** မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရာမှာ လူတစ်ဦး တစ်ရက်ဝင်ငွေကျပ် ၁၅၉၀(သို့)အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၆ အောက်ရရှိသူများကို ဆင်းရဲနွမ်းပါးမှုစာရင်းအောက် ရောက်ရှိတယ်လို့ သတ်မှတ်ပါတယ်။** Myanmar Living Condition Survey **၂၀၁၇ စစ်တမ်းအရ ၂၀၀၅ ခုနှစ်မှာ ဆင်းရဲမှုနှုန်း ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်အရောက်မှာ ၂၄ ဒသမ ၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့တာတွေ့ရ**

ဆင်းရဲခြင်းအဓိက နှစ်မျိုးရှိပြီး ဝင်ငွေမရှိ၊ ငွေကြေးမရှိခြင်းနဲ့ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ဖြစ်ပါတယ်။ ဆင်းရဲခြင်းကို အိမ်တစ်အိမ်၊ လူတစ်ဦးချင်းစီရဲ့ဝင်ငွေနဲ့ တိုင်းတာကြပါတယ်။ လွယ်ကူရိုးရှင်းအောင် ပြောရရင် လူတစ်ဦးဟာ တစ်နေ့ဝင်ငွေ ဘယ်လောက်ရှိလဲ၊ အသုံးစရိတ် လောက်လား၊ လိုအပ်လား၊ စုဆောင်းနိုင်သလား၊ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရဲ့လား၊ ပညာရေး၊ ကျန်းမာရေး စတဲ့ လူမှုရေးတွေမှာ သုံးနိုင်သလား စတဲ့အချက်တွေကိုကြည့်ပြီး ဆင်းရဲ၊ ချမ်းသာ ခွဲခြားသတ်မှတ်တာ ဖြစ်ပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တိုင်းတာတဲ့ စံသတ်မှတ်ချက်တွေတော့ ကွာခြားပါတယ်။

မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရာမှာ လူတစ်ဦး တစ်ရက်ဝင်ငွေကျပ် ၁၅၉၀ (သို့) အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၆ အောက်ရရှိသူများကို ဆင်းရဲနွမ်းပါးမှုစာရင်းအောက် ရောက်ရှိတယ်လို့ သတ်မှတ်ပါတယ်။ Myanmar Living Condition Survey ၂၀၁၇ စစ်တမ်းအရ ၂၀၀၅ ခုနှစ်မှာ ဆင်းရဲမှုနှုန်း ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်အရောက်မှာ ၂၄ ဒသမ ၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့တာ တွေ့ရပါတယ်။

### ဘာ့ကြောင့်ဆင်းရဲရသလဲ...

ဆင်းရဲရတဲ့အကြောင်းတွေကို လေ့လာကြည့်ရင် နိုင်ငံတော်အဆင့်၊ လူ့အဖွဲ့အစည်းအဆင့်၊ အိမ်ထောင်စုအဆင့် စတဲ့ အဆင့်သုံးမျိုးကို အခြေခံပြီး ဆက်စပ်ကြည့်ရပါတယ်။ အဓိကအားဖြင့် အကြောင်းရင်း ခြောက်မျိုးကြောင့် ဖြစ်ပါတယ်–

(၁) နယ်မြေမတည်ငြိမ်မှု၊ မလုံခြုံမှု၊
(၂) အခွင့်အလမ်းများ နည်းပါးမှု၊
(၃) အလုပ်အကိုင်/ ဝင်ငွေမရှိခြင်း၊
(၄) မညီမျှမှု၊
(၅) ထိခိုက်လွယ်မှု/ ဖယ်ကြဉ်ခံရမှု၊
(၆) အခြေခံအဆောက်အအုံတွေ မပြည့်စုံမှု စတာတွေကြောင့် ဖြစ်ပါတယ်။

**နိုင်ငံတော်အဆင့် (National Level)** အကြောင်းရင်းများကိုကြည့်ရင် အဓိကအကြောင်းအရာများကတော့–

(၁) ရာသီဥတုဆိုးရွားပြီး ရေကြီး၊ မိုးခေါင်၊ မုန်တိုင်း၊ ငလျင် စသည့် သဘာဝဘေးအန္တရာယ်များ မကြာခဏ ပြင်းထန်စွာ ခံစားရခြင်း၊
(၂) သဘာဝသယံဇာတ အရင်းအမြစ်များ ရှိသော်လည်း စနစ်တကျ မစီမံနိုင်ခြင်း၊ နိုင်ငံတော်မှ တရားဝင် ဝင်ငွေမရဘဲ မှောင်ခိုများ၊ လက်နက်ကိုင်သောင်းကျန်းသူများမှ ထိန်းချုပ်သုံးစွဲခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ၊ အကျင့်ပျက်ခြစားမှုများရှိခြင်း၊ ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝ မရရှိခြင်း၊
(၃) လုပ်ကိုင်စားသောက်ရန် မြစ်ချောင်း၊ အင်းအိုင်၊ လယ်ယာကိုင်းကျွန်း ရှားပါးခြင်း၊ (ကျွန်တော်တို့ နိုင်ငံမှာတော့ ပေါပါတယ်)
(၄) တိုင်းရင်းသား တန်းတူညီမျှမှု မရှိခြင်း၊ ရှိသော်လည်း မရှိဟု တမင်အသုံးချ အဖျက်လမ်းကြောင်း ရွေးချယ်ခြင်း၊
(၅) စီးပွားရေး မတည်ငြိမ်ခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်း၊
(၆) ပြည်တွင်းစစ်ဖြစ်ပြီး နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဖြစ်ပါတယ်။

**လူ့အဖွဲ့အစည်းအဆင့် (Community Level)** အကြောင်းရင်းများကိုကြည့်ရင် အဓိက အကြောင်းအရာများကတော့–

(၁) လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်၊ မပြည့်စုံခြင်း၊
(၂) လူမှုရေးအခြေခံအဆောက်အအုံ မကောင်းမွန်၊ မပြည့်စုံခြင်း၊
(၃) အလုပ်အကိုင်၊ အခွင့်အလမ်း ရှားပါးခြင်း၊
(၄) ဖွံ့ဖြိုးရေးဆောင်ရွက်ပေးမယ့် လူ့အဖွဲ့အစည်းများ နည်းပါးခြင်း စသည်တို့ ဖြစ်ပါတယ်။

**အိမ်ထောင်စုအဆင့် (Household Level)** အကြောင်းရင်းများကိုကြည့်ရင် အဓိကအကြောင်းအရာများကတော့–

(၁) အိမ်ထောင်စုဝင်များတဲ့ အိမ်တစ်အိမ်မှာ အလုပ်လုပ်နိုင်သူ အရေအတွက်နည်းပြီး သက်ကြီးရွယ်အို၊ မကျန်းမာသူ၊ ကလေး အရေအတွက်များခြင်း၊
(၂) အမျိုးသမီး/ သက်ကြီးရွယ်အိုများ ဦးစီးတဲ့ အိမ်ထောင်စုဖြစ်ခြင်း၊
(၃) အထက်ပါအချက်များကြောင့် ဝင်ငွေရှာဖွေနိုင်မှုမရှိဘဲ ထွက်ငွေများခြင်း၊
(၄) ပညာရေးနိမ့်၊ ပညာမတတ်၊ ကျန်းမာရေး မကောင်း၍ လုပ်နိုင်ကိုင်နိုင်မှု မရှိဘဲ စွမ်းဆောင်ရည်နည်း၍ ဝင်ငွေမရှာဖွေနိုင်ခြင်း၊
(၅) အရက်သေစာသောက်စားပြီး လောင်းကစားလုပ်ခြင်း၊ ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အမှုအခင်းများ ရင်ဆိုင်ရခြင်း၊
(၆) လုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးရရန် ခက်ခဲခြင်း၊ မလွယ်ကူခြင်း၊ ရရှိသော်လည်း အတိုးနှုန်း ကြီးမားခြင်း၊
(၇) ရှိတဲ့အလုပ်၊ ရတဲ့အလုပ်ကို ဖြစ်မြောက်အောင် မလုပ်ချင်၊ အပျင်းကြီးသူ၊ တိုးတက်ချင်စိတ်မရှိသူ၊ အလုပ်မလုပ်သူများရှိသည့် အိမ်ထောင်စုဖြစ်ခြင်း စသည်တို့ကြောင့် ဖြစ်ပါတယ်။

### ဆင်းရဲခြင်းလွတ်ကင်းအောင် ဘယ်လိုလုပ်ကြမလဲ...

၁၉၉၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အစိုးရကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတွေကို အထူးအလေးထားဆောင်ရွက်ခဲ့ရာ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲချမှတ်ပြီး လုပ်ငန်းစဉ်(၅)ခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်(၅)ရပ်ကတော့–

(က) ကျေးလက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ချောမွေ့စေရေး၊
( ခ ) ကျေးလက်နေပြည်သူများ ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိရေး၊
( ဂ ) ကျေးလက်နေ ပြည်သူများ၏ ပညာရေး အဆင့်အတန်း တိုးတက်မြင့်မားရေး၊
(ဃ) ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်စေရေးနဲ့
( င ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး တို့ပဲ ဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ အစိုးရကာလမှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ယင်းလုပ်ငန်းစဉ်(၈) ရပ်ကတော့–

(၁) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊
(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၄) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(၆) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊
(၇) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊
(၈) စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးတို့ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီတွင် သမ္မတကဥက္ကဋ္ဌဖြစ်ပြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ပါဝင်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီတွင် ဒုတိယသမ္မတက ဥက္ကဋ္ဌဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အဓိကဝန်ကြီးဌာနဖြစ်တဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂရဲ့ ၂၀၁၅ ခုနှစ်ထောင်စုနှစ်ရည်မှန်းချက်တွေအရ ဆင်းရဲမှုနှုန်းမှာ ၂၀၀၅ ခုနှစ်မှာ ၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၁၆ ရာခိုင်နှုန်းအထိ လျှော့ကျသွားစေရေး ဦးစားပေး အစီအစဉ်တွေ ချမှတ်ဆောင်ရွက်ခဲ့ပြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်မှာ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အဓိကအထက်ပါ လုပ်ငန်းစဉ်(၈)ရပ်ကို ဦးစားပေးအကောင်အထည်ဖော်ခဲ့ပါတယ်။

မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ လေ့လာမှုစစ်တမ်း (၂၀၀၉–၂၀၁၀) (Myanmar Integrated Household Living Conditions Assessment– IHLCA) လေ့လာချက်အရ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း လူနေမှုဘဝပြည့်စုံဖူလုံမှု လူမှုရေးဆိုင်ရာ အတိုင်းအတာများမှာ သိသာစွာ တိုးတက်မှုရှိတယ်လို့ ဆိုပါတယ်။ ၂၀၁၆ ခုနှစ် ကနေ ၂၀၂၁ ခုနှစ်အထိကာလမှာတော့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ပန်းတိုင်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (SDG) ရည်မှန်းချက်တွေနဲ့အညီ စီမံချက်၊ စီမံကိန်းတွေ ရေးဆွဲ အကောင်အထည်ဖော်ကြပါတယ်။

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ နေထိုင်မှုစစ်တမ်း (Myanmar Poverty and Living Conditions Survey 2017– MPLCS)အရ လူဦးရေတိုးပွားလာတဲ့တိုင် ၂၀၀၅ မှာ ဆင်းရဲနွမ်းပါးသူအရေအတွက် ၁၈ ဒသမ ၇ သန်းခန့်ရှိခဲ့ရာက ၂၀၁၇ ခုနှစ်မှာ ၁၁ ဒသမ ၈ သန်းသို့ လျှော့ကျသွားတဲ့အတွက် ဆင်းရဲမှုကို ထက်ဝက်နီးပါး လျှော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သို့ရာတွင် မြို့ပြနှင့် ကျေးလက် ကျေးရွာ–မြို့နယ်များအကြား ဆင်းရဲ–ချမ်းသာ ကွာဟမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ပြီး ကျေးလက်ရှိ ဆင်းရဲနွမ်းပါးသူအရေအတွက်မှာ မြို့ပြရှိ အရေအတွက်ထက် ၆ ဒသမ ၇ ဆ ပိုများနေသေးကြောင်း တွေ့ရှိရပါတယ်။ ဆင်းရဲမှုလျှော့ချနိုင်ဖို့အတွက်ဆိုရင် **အခွင့်အလမ်းတွေ ဖန်တီးပေးခြင်း၊ တိုးမြှင့်ပေးခြင်းတို့ကို** ဆောင်ရွက်ပေးဖို့ လိုအပ်ပြီး အောက်ဖော်ပြပါ အခွင့်အလမ်းတွေကို ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်–

(၁) အလုပ်အကိုင်အခွင့်အလမ်းဖန်တီး/တိုးမြှင့်ပေးခြင်း၊
(၂) ငွေကြေးအရင်းအနှီး ရရှိနိုင်မှု အခွင့်အလမ်းဖန်တီး/ တိုးမြှင့်ပေးခြင်း (မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ MSME ချေးငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ စသည်)၊
(၃) ထုတ်ကုန်ရောင်းဖို့ ဈေးကွက်အခွင့်အလမ်းဖန်တီး/ တိုးမြှင့်ပေးခြင်း၊
(၄) ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာအားလုံး၏ ရာခိုင်နှုန်း ၈၀ နှင့် ကျေးလက်နေလူဦးရေ၏ ရာခိုင်နှုန်း ၉၀ ရာသီ မရွေးသွားလာနိုင်သော လမ်းများ အသုံးပြုနိုင်ရေးလမ်းပန်းဆက်သွယ်ရေး အခွင့်အလမ်းဖန်တီး/ တိုးမြှင့်ပေးခြင်း၊
(၅) ၂၀၃၀ ပြည့်နှစ် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး မျှော်မှန်းချက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် လူသားတိုင်းလက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ခေတ်မီစွမ်းအင်ရရှိစေရန် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု အခွင့်အလမ်းဖန်တီး/တိုးမြှင့်ပေးခြင်း၊
(၆) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်နှင့်အညီ ၂၀၃၀ ပြည့်နှစ်မှာ လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနဲ့ *စာမျက်နှာ ၁၁ သို့*

# မန္တလေးတိုင်းဒေသကြီး၌ တစ်လခွဲခန့်အတွင်း ကျပ် ၅၀၀ တန် ပြည်သူသက်သာ ထမင်းဘူးပေါင်း ခြောက်သောင်းခန့် ရောင်းချ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ပြည်သူသက်သာထမင်းဘူးများကို ၂၀၂၂ဒီဇင်ဘာ ၁၂ ရက်မှ စတင်ရောင်းချခဲ့ရာ ဇန်နဝါရီ ၂၅ ရက်အထိ ထမင်းဘူးပေါင်း ၆၀၀၀၀ ခန့်ကို ရောင်းချပေးခဲ့ကြောင်း၊ ကြက်သားဟင်း၊ ငါးနီတူခြောက်ကြော်၊ အသီးအရွက်ကြော်များပါဝင်သည့် နေ့လယ်စာ ထမင်းဘူးများကို တစ်ဘူးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် မန္တလေးမြို့၌ ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ ပုသိမ်ကြီးနှင့် စဉ့်ကိုင်မြို့နယ်များတွင် အခြေခံလူတန်းစားများ စားဝတ်နေရေး သက်သာချောင်ချိစေရန် ထမင်းတစ်ပွဲလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် ရောင်းချပေးနေခြင်းဖြစ်သည်။

ထိုသို့ရောင်းချပေးရာတွင် လိုအပ်မည့် ဆန်၊ ဆီနှင့် ကုလားပဲများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့လျက်ရှိပြီး အသား၊ ငါးဟင်းများအတွက် ငွေကျပ် ၅၀၀ အထက် ကုန်ကျစရိတ်များကိုလည်း ပံ့ပိုးစီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဈေးရောင်းချသူတစ်ဦးဖြစ်သူ မလှလှမော်က "ဟင်းရဲ့အရသာကလည်း စားရတာ အဆင်ပြေပါတယ်။ ဒီလို တစ်ဘူး ကျပ် ၅၀၀ ဆိုတာ အခြားမှာ ဝယ်စားမယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ မရနိုင်ပါဘူး။ ကြက်သားတစ်တုံးတောင် အနည်းဆုံး ၇၀၀၊ ထမင်းနဲ့ဆို ၁၅၀၀ ဝန်းကျင်လောက် ကုန်ကျမှာ ဖြစ်ပါတယ်။ တစ်ထောင်ကျော်လောက်တန်တာကို ကျပ် ၅၀၀ နဲ့ ရောင်းချပေးတဲ့အတွက် ကျွန်မတို့ပြည်သူတွေအတော်ကို သက်သာပါတယ်။ ဒီလိုလုပ်ဆောင်ပေးတာ ကျွန်မတို့လို အိမ်ရှင်မတွေအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ပေါ့သွားသလိုပါပဲ" ဟု ပြောသည်။

အဆိုပါ ထမင်းဘူးများ ရောင်းချပေးမှုကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး နှစ်လတာခန့် ရောင်းချပေးရန် ကနဦး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ တစ်ပတ်လျှင် ကြက်ဥဖြင့် နှစ်ရက်၊ ကြက်သားဖြင့် နှစ်ရက်၊ ငါးဖြင့်တစ်ရက် စသည်ဖြင့် တစ်မြို့နယ်လျှင် ထမင်းဘူး ၁၀၀၀ ခန့် ရောင်းချလျက်ရှိသည်။

ဒေသခံပြည်သူ ဦးမြတ်သူက " အခုဆို အတော်များများအတွက် အဆင်ပြေတယ်။ အချို့ဆိုရင် မိသားစုလိုက် ချက်မစားတော့ဘူး။ ထမင်းက အတော်များတော့ တစ်ဦးကို ကျပ် ၅၀၀ နဲ့ ထမင်းတစ်နပ်ပြီးသွားပါတယ်။ ဒီလို ရောင်းချပေးတာ လက်လုပ်လက်စားတွေအတွက် တွက်ခြေကိုက်ပါတယ်။ ရေရှည် ရောင်းချပေးနိုင်ရင် ပိုကောင်းပါတယ်" ဟု ပြောသည်။ **တာရာ**






## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ပြည်ထောင်စုဈေးသစ်ဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၆**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဈေးသစ်မုခ်ဦးရှေ့၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဈေးသစ်နှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဈေးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

မိလ္လာစနစ်သုံးစွဲနိုင်ရေး ရည်မှန်းချက်နဲ့ သန့်ရှင်းသောသောက်သုံး ရေရရှိနိုင်မှု အခွင့်အလမ်း ဖန်တီး/တိုးမြှင့်ပေးခြင်း၊

(၇) ပညာသင်ကြားနိုင်သည့် အခွင့်အလမ်း ဖန်တီး/တိုးမြှင့်ပေးခြင်း (ဆင်းရဲသည့် မိသားစုမှ ကလေးများအတွက် ပညာသင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေး၊ အခမဲ့ပညာရေး)၊

(၈) ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်း ဖန်တီး/တိုးမြှင့်ပေးခြင်း (အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု၊ ကျန်းမာရေးအာမခံ) စတဲ့ အခွင့်အလမ်းများကို ဖန်တီး/တိုးမြှင့်ပေးရမှာ ဖြစ်ပါတယ်။

အထက်ပါအခွင့်အလမ်းတွေကို ဖော်ဆောင်ပေးခြင်းအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဖြစ်တဲ့ ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှုပုံစံ အမျိုးမျိုး အဆုံးသတ်ရေး ရည်မှန်းချက် ပြည့်မီစေရေးမှာ အထောက်အပံ့ကောင်းတစ်ခုဖြစ်မှာ အသေအချာပဲ ဖြစ်ပါတယ်။

ဆင်းရဲခြင်းမှ လွတ်မြောက်အောင် ဆောင်ရွက်ရာမှာ အောက်ဖော်ပြပါတို့ကိုလည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်–

(၁) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပေးခြင်း (ရာသီဥတု မဖောက်ပြန်အောင်)၊

(၂) နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊

(၃) ပြည်တွင်းစစ် ရပ်စဲရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊

(၄) လူမျိုး၊ ဘာသာ၊ ကျား/မ မခွဲခြားဘဲ တန်းတူညီမျှရှိရေး မြှင့်တင်ခြင်း၊

(၅) လူ့အဖွဲ့အစည်းရဲ့ စွမ်းဆောင်ရည် တိုးမြှင့်ပေးခြင်း၊

(၆) ဖွံ့ဖြိုးရေးအကူအညီပေးမည့် အဖွဲ့များ ပူးပေါင်းပါဝင်လာအောင်၊ အကူအညီပေးလာအောင် ဆွဲဆောင်ခြင်း၊

(၇) ဆင်းရဲသူများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရင်းနှီးမြှုပ်နှံပေးခြင်း၊

(၈) ဖွံ့ဖြိုးရေးဆောင်ရွက်ပေးတဲ့ အဖွဲ့များ တာဝန်ယူ၊ တာဝန်ခံမှု ရှိလာစေရေး အားပေးခြင်း (ကောင်းမွန်သော စီမံအုပ်ချုပ်ရေး– Good Governance) စသည်တို့ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ အခွန်မူဝါဒနဲ့အညီ ထိရောက်ကောင်းမွန်တဲ့ အခွန်ကောက်ခံမှုစနစ်နဲ့ နိုင်ငံတော်မှာ ညီညွတ်မျှတတဲ့ အရအသုံးငွေကြေးစနစ် ပေါ်ပေါက်စေပြီး၊ ငွေကြေးလည်ပတ်မှုကို မှန်ကန်စေပြီး ငွေကြေးဖောင်းပွမှု မပေါ်ပေါက်စေရေး ထိန်းသိမ်းပေးဖို့၊ ရသင့်ရထိုက်တဲ့ အခွန်အခတွေကို ဥပဒေနဲ့အညီ အပြည့်အဝကောက်ခံရရှိရေး ICT နည်းပညာတွေ တိုးချဲ့အသုံးပြုပြီး ကြိုးပမ်းဆောင်ရွက်သွားကြဖို့၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက် ခြစားမှုတွေမရှိအောင် ထိန်းကျောင်းတည့်မတ်ကြီးကြပ်သွားဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ဆင်းရဲရတဲ့ အကြောင်းတရားများစွာ ရှိတဲ့အနက်က အရေးကြီးဆုံး။ အဓိကအကျဆုံးကတော့ တည်ငြိမ်အေးချမ်းရေး၊ တစ်နည်းဆိုရရင် "ငြိမ်းချမ်းရေး" ရပြီး "ငြိမ်းချမ်းပြီးတည်ငြိမ်ရေး"ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးရအောင်လုပ်နိုင်မယ်၊ ဒေသအလိုက် အကြမ်းဖက်မှုတွေ ကင်းဝေးမယ်ဆိုရင် ဖွံ့ဖြိုးရေး လုပ်ငန်းတွေ လုပ်နိုင်လာမယ်။ စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်မယ်။ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့လုပ်နိုင်မယ်။ ကူးသန်းရောင်းဝယ်ရေးတွေ ကောင်းလာမယ်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန်ဖြစ်ပြီး ဆင်းရဲမှု လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုအရေးကြီးဆုံးက ပညာရေးနဲ့ မှား/မှန် ခွဲခြားသိမြင်တတ်တဲ့ ပညာဉာဏ်၊ ပညာအသိအမြင်၊ ဗဟုသုတပဲ ဖြစ်မယ်ထင်ပါတယ်။ ပညာမတတ်၊ ပညာအသိ မရှိရင် မှား/ မှန် မခွဲခြားတတ်ဘဲ မကောင်းမှု ဒုစရိုက်တွေလုပ်မယ်။ အကုသိုလ်အလုပ်တွေ လုပ်မယ်။ တိုးတက်ရာတိုးတက်ကြောင်း မတွေးနိုင်၊ မကြံစည်နိုင်၊ မလုပ်နိုင် ဖြစ်မယ်။ နိုင်ငံအတွက် အမျိုးသားရေးစိတ်ဓာတ် မွေးမြူရမယ့်အကြောင်း မသိနိုင်၊ နိုင်ငံသားတာဝန် မသိနိုင်၊ လူ့အဖွဲ့အစည်း ကောင်းရာ ကောင်းကြောင်းကို မသိမြင်နိုင်ဘဲ အမှားများစွာ ကြံစည်လုပ်ကိုင်နေကြရင် တစ်ဦးချင်း၊ တစ်အိမ်ချင်းအတွက်သာမက အဖွဲ့အစည်း၊ တိုင်းပြည်အထိပါ မတိုးတက်နိုင်ဖြစ်ပေမယ်။ ဒါ့ကြောင့် ပညာရေးဟာ အလွန်အရေးကြီးပါတယ်။ အတန်းပညာ တတ်ရုံတင်မက အမှား/အမှန် ဝေဖန်ပိုင်းခြားသိမြင်နိုင်တဲ့ အသိ၊ ပညာ၊ သတိ ရှိရန်လည်း အလွန်အရေးကြီးပါတယ်။

**ဆင်းရဲခြင်းကင်းစွာ စိတ်အေးချမ်းသာခြင်းပြည့်စုံစေဖို့ရာ...**

ဆင်းရဲခြင်းဆိုရာမှာ စိတ်ဆင်းရဲခြင်းဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ စိတ်ဆင်းရဲခြင်း ဖြစ်ရတဲ့ အကြောင်းရင်းကတော့ အကြောင်းအရာတွေ အများကြီး ရှိပါတယ်။ ငွေကြေးမပြည့်စုံလို့၊ လိုချင်တာ မရလို့၊ လုပ်ချင်တာမလုပ်ရလို့၊ သွားချင်တာ မသွားရလို့၊ စားချင်တာ မစားရလို့၊ ဖြစ်ချင်တာတွေ မဖြစ်လို့၊ ချစ်ခင်သူတွေ့နဲ့ အတူမနေရလို့၊ ချစ်ခင်သူတွေနဲ့ကွဲရလို့ စတဲ့ အကြောင်းအရာတွေကြောင့် ဖြစ်ပါတယ်။ ဘာသာတရားနဲ့အညီ နှလုံးသွင်းနိုင်ပြီး လောဘနည်းမယ်၊ လိုအင်ရမ္မက်နည်းမယ်၊ ရောင့်ရဲတင်းတိမ်နိုင်မယ်ဆိုရင်တော့ ငွေကြေးပြည့်စုံခြင်းနဲ့မဆိုင်တဲ့ စိတ်ချမ်းသာစရာ ကိစ္စတွေကို ဖန်တီးရယူနိုင်ပြီး စိတ်ဆင်းရဲမှုတွေ ကင်းဝေးမှာ ဖြစ်ပါတယ်။ စိတ်ဆင်းရဲမှုကင်းဝေးမှ လူသားဆန်စွာ မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာတရားတွေနဲ့အညီ နေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်။ အများကို ကူညီနိုင်သူ၊ ပံ့ပိုးနိုင်သူဖြစ်အောင်ကြိုးစား၊ အများအတွက်၊ မိသားစုအတွက်၊ ပတ်ဝန်းကျင်အတွက်၊ နိုင်ငံအတွက်၊ လူသားတွေအတွက် အကျိုးပြုမယ့် အတွေး၊ အကျိုးရှိမယ့်အလုပ်တွေ လုပ်ရင်လည်း စိတ်ချမ်းသာမှု ရနိုင်တာပါပဲ။ စိတ်ချမ်းသာချင်ရင် သစ်ပင်စိုက်လို့ ပြောတော့ သစ်ပင်စိုက်ကြရမှာပေါ့။ သစ်ပင်စိုက်တာကလည်း ကိုယ့်ပတ်ဝန်းကျင် သာယာလှပရေးအပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုပါ အထောက်အကူပြုစေတာဖြစ်လို့ သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်မှသာ သဘာဝဘေးအန္တရာယ် ကျရောက်တာတွေ၊ ရာသီဥတုဖောက်ပြန် ပြောင်းလဲတာတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ သဘာဝဂေဟစနစ်တွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်ဖြစ်ပေါ်နေသလိုပဲ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ နိုင်ငံ့စီးပွားတိုးတက် မြင့်မားခြင်းတို့ဟာလည်း တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်အထောက်အပံ့ပြုနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဆောင်ရွက်ကြရာမှာ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တွေနဲ့အတူ တည်ငြိမ်အေးချမ်းရေး၊ ပညာရည်မြင့်မားရေးတို့ကိုပါ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုယာဉ်မှာ "ဖွံ့ဖြိုးရေးမှသည် ငြိမ်းချမ်းရေးဆီသို့" ဆောင်ပုဒ်ကို ဖော်ပြခဲ့ပါတယ်။ "ငြိမ်းချမ်းမှ ဖွံ့ဖြိုးမယ်"၊ တစ်ဖန် "ဖွံ့ဖြိုးမှ ငြိမ်းချမ်းမယ်" ဆိုတဲ့ သဘောတရားကို အလေးထားဆောင်ရွက်နေတာကို ဖော်ပြခြင်း ဖြစ်ပါတယ်။ ဆင်းရဲခြင်း လွတ်ကင်းအောင်၊ ကိုယ်၊ စိတ်နှစ်ပါးချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆိုရာမှာ ငြိမ်းချမ်းရေးဟာ အလွန်အရေးကြီးတဲ့ကဏ္ဍက ပါဝင်ပါတယ်။ တစ်ဦး တစ်ယောက်ချင်းစီရဲ့ခံယူချက်၊ စိတ်ထား၊ အသိအမြင်ဟာ ရိုးသားပြီး ငြိမ်းချမ်းရေးကို လိုလားနေဖို့ လိုပါတယ်။ လူတိုင်း ငြိမ်းချမ်းရေးကို လိုချင်စိတ် ဖြစ်နေရပါမယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ ဆင်းရဲခြင်း လွတ်ကင်းအောင် ငြိမ်းချမ်းရေးအရယူဖို့ တိုက်တွန်းကြပါစို့၊ ငြိမ်းချမ်းရေး ရယူကြပါစို့။ နိုင်ငံဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ဆင်းရဲခြင်းလွတ်ကင်းရေးမှာ အဓိကကျတဲ့ ငြိမ်းချမ်းရေးရဖို့ အားလုံး အားလုံး ဝိုင်းဝန်းပူးပေါင်း ပြီး ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းရေး ရယူကြပါစို့။ ။

# (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၆**

(၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟ ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အခမ်းအနား၌ အကောက်ခွန်ဦးစီးဌာနရှိ ဌာန ခွဲများအလိုက် သင်တန်းထူးချွန်ဆု ရရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးဆု ရရှိသူများ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆု ရရှိသူများ၊ လုပ်ငန်းစွမ်းဆောင်ရည်ဆု (ချီးကျူး ဂုဏ်ပြုဆု) ရရှိသူများ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများ၊ ဂုဏ်ပြုစစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုမှတ်တမ်းတင်ရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အကောက်ခွန် သမိုင်းပြတိုက်သို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**သတင်းစဉ်**

# ရှေးဟောင်းသမိုင်းဝင် သီပေါပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကျင်းပမည်

**သီပေါ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ၌ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာ သောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်း သမိုင်းဝင်ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့၍ ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဘုရားကြီး အာရုံခံ တန်ဆောင်းတော်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြား၍ ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့် က ပွဲတော်ကျင်းပရေး စီမံချက်ကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ပွဲတော်ကြီးအောင်မြင်ပြီးမြောက်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက် (မတ် ၁၁ ရက်မှ ၁၇ ရက်) အထိ အသံမစဲ ပဋ္ဌာန်းရွက်ဖတ် ပူဇော်ခြင်း၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး မုခ်လေးမုခ်၌ စံပယ်တော်မူသော ရတနာရန်အောင်၊ ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်နှင့် ရတနာစျာန်အောင် မြတ်ဘုရား လေးဆူတို့ကို ရွှေသင်္ကန်းများ ကပ်လှူခြင်းနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း စသည့် ကောင်းမှုကုသိုလ်များ ပါဝင်လှူဒါန်းနိုင်ရန် ဂေါပကအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ကြာအင်းဆိပ်ကြီးမြို့၌ စေတီပုထိုးများအား ထုံးသင်္ကန်းဆက်ကပ်

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမှတ် (၃) ရပ်ကွက်ရှိ မဏိရတနာ ကမ်းနားကျောင်းနှင့် ကြာအင်း ရွှေဒိုးအုပ်စုရှိ စိန်ရတနာကျောင်းတို့၌ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဘုရားပုရိဝုဏ်အတွင်း/အပြင်ရှိ အမှိုက်များ ရှင်းလင်းခြင်းကို ယမန်နေ့နှင့် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြသည်။ (ဝဲပုံ)



ထိုသို့ စုပေါင်းသန့်ရှင်းရေးကို ကြာအင်းဆိပ်ကြီး မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုပုံးမြို့၌ စေတီပုထိုးများကို ထုံးသင်္ကန်းဆက်ကပ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟိုပုံး ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ စေတီပုထိုးများတွင် ထုံးသင်္ကန်းဆက်ကပ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အတုလမရ်အောင်ဘုရား၊ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသရုံးတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့် ဒေသအဆင့်ဌာနဆိုင်ရာများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးတွင် ဟိုပုံးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ တုံခမ်းကျောင်းဆရာတော် ဘဒ္ဒန္တအာလောက (မဟာသဒ္ဓမ္မ ဇောတိကဓဇ) နှင့် သံဃာတော်များ ဦးဆောင်၍ ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးနှင့် ဟိုပုံးမြို့ တောင်ရပ်ကွက်ရှိ အတုလမရ်အောင် ဘုရားတွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများစုပေါင်း၍ စေတီပုထိုးများကို ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများနှင့် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် လောက်ကိုင်မြို့၌ ယနေ့ နံနက် ၁၀ နာရီတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှ ရဲကွပ်ကဲမှုအဖွဲ့မှူး ဒုတိယရဲမှူးကြီး ညွန့်လွင်ဦး ဦးစီး၍ လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များက လောက်ကိုင်မြို့ အောင်သစ္စာမဟာဓာတ်ပေါင်းစု ရန်ငြိမ်းအေးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ (အပေါ်ပုံ)

**ရဲပြန်ကြား**

# ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နီကော့ (Mr. Anatoly Bulochnikov , Senior Vice–President of the Russia–Myanmar Association) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငါးဖမ်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်းငါးလုပ်ငန်းအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၊ နှစ်နိုင်ငံ လယ်ယာထွက်ကုန်ပစ္စည်း ကုန်သွယ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများ၊ ရုရှားသိပ္ပံဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ စိုက်ပျိုးရေးသီးနှံများ၏ အပင်ဗီဇအရင်းအမြစ်များ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းအပါအဝင် လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတိုးတက်ရေး လုပ်ငန်းရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ( ၂၆ ) ရက်

၁၃၈၄ ခုနှစ်(၂၀၂၃)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁)ရက် (၂၁-၃-၂၀၂၃)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက် (၂၂-၃-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၃)ရက် (၂၃-၃-၂၀၂၃)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၄-၃-၂၀၂၃)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၅-၃-၂၀၂၃)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၆-၃-၂၀၂၃)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၇-၃-၂၀၂၃)၊ တနင်္လာနေ့ | - | **တပ်မတော်နေ့ နားရက်** |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၈-၃-၂၀၂၃)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၂၉-၃-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိ အဋ္ဌကထာ (၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက် (၃၀-၃-၂၀၂၃)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိ အဋ္ဌကထာ (၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

## ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ( ၂၆ ) ရက်

၁၃၈၄(၂၀၂၃)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊လတ်၊ငယ်၊မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၈-၃-၂၀၂၃)၊ အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>။ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၂၉-၃-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>။<br>။<br>။ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် (၃၀-၃-၂၀၂၃)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>။<br>။<br>။ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၃၁-၃-၂၀၂၃)၊ သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာ နှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ<br>အဘိဓာန်၊အလင်္ကာ၊ဆန်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၁-၄-၂၀၂၃)၊ စနေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီအထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂-၄-၂၀၂၃)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီအထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၃-၄-၂၀၂၃)၊ တနင်္လာနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီအထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၂၈-၃-၂၀၂၃)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ (လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

# တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံနှင့် မေးခွန်းနမူနာကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိပြီး သင်ကြားလေ့လာနိုင်ရန် မေလဆန်းတွင် ထုတ်ပြန်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းပြုစုရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မှာကြား

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် (KG + 12) စနစ်သစ် သင်ရိုးသစ်ဖြင့် ကျင်းပဖြေဆိုကြရမည် ဖြစ်သဖြင့် ဘာသာရပ်အလိုက် မေးခွန်းပုံစံနှင့် မေးခွန်းနမူနာတို့ကို ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိပြီး သင်ကြားလေ့လာနိုင်ရန်အတွက် ၂၀၂၃ ခုနှစ် ဇွန်လ ကျောင်းဖွင့်ရက် မတိုင်မီ မေလဆန်းတွင် ထုတ်ပြန်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းပြုစုကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်မှူးချုပ်များနှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းက မှာကြားလိုက်သည်။

နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ မှာကြားခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စည်းမျဉ်းစည်းကမ်း တိကျစွာလိုက်နာ၍ စနစ်တကျ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာ KG + 12 နှင့် ချိတ်ဆက်မိသော တက္ကသိုလ်သင်ရိုးညွှန်းတမ်းများကို ဆက်လက်ရေးဆွဲပြုစုကြရမည် ဖြစ်ကြောင်း ဆက်လက်ပြောကြား ခဲ့သည်။

ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သတ်မှတ်ကာလအတွင်း ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကိုလည်းကောင်း၊ စာစစ်မှူးချုပ်များက ဘာသာရပ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**



## မြန်မာသံရုံး၊ လန်ဒန်မြို့၏ တုံ့ပြန်ချက်

# မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယုံတမ်းပြောစကားများနှင့် ဖြစ်ရပ်မှန်များ

The Guardian သတင်းစာ၌ "The Guardian view on Myanmar's military: in power but not in control" ခေါင်းစဉ်ဖြင့် အယ်ဒီတာ့အာဘော်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး James Cleverly ရေးသားသော "Britain is not a passive observer on the world stage. We want oligarchs and dictators to fear us" ဆောင်းပါးတို့ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နှင့် ၉ ရက်တို့တွင် အသီးသီး ဖော်ပြခဲ့ပါသည်။ အဆိုပါဆောင်းပါးများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ မဟုတ်မမှန်ရေးသားချက်များကို စိတ်ပျက်ဖွယ်တွေ့ရှိရပါသည်။ The Guardian ၏ ဆောင်းပါးများကို တုံ့ပြန်ရန် မြန်မာသံရုံး၊ လန်ဒန်မြို့မှ "Understanding myths and realities of Myanmar" ခေါင်းစဉ်ဖြင့် စာလုံးရေ (၈၀၀)ခန့်ပါ The Guardian အယ်ဒီတာထံ ပေးစာကို The Guardian ၏ Readers' Editor ထံသို့ရေးသားပေးပို့ခဲ့ပါသည်။ သို့ရာတွင် The Guardian ဆောင်းပါးပါ ရေးသားချက်များအပေါ် ပြင်ဆင်ချက်နှင့် အယ်ဒီတာ၏ စည်းကမ်းများအရ တုံ့ပြန်ချက် မလိုအပ်ဟုယူဆကြောင်းနှင့် မြန်မာသံရုံး၏ ဆောင်းပါးသည် The Guardian ၏ စာလုံးရေ (၃၀၀) ကန့်သတ်ချက်ကို ကျော်လွန်ပြီး စာရေးသူအမည် ဖော်ပြထားမှုမရှိသဖြင့် ရွေးချယ်ခြင်းမပြုခဲ့ကြောင်း မြန်မာသံရုံးသို့ The Guardian မှ အကြောင်းပြန်ကြားခဲ့ပါသည်။ သို့သော်လည်း The Guardian တွင် နေ့စဉ်ဖော်ပြနေသည့် အယ်ဒီတာ့ထံ ပေးစာများမှာ အဆိုပါစာလုံးရေ (၃၀၀)ကန့်သတ်ချက်ကို အမြဲကျော်လွန်လျက်ရှိကြောင်း မြန်မာသံရုံးမှ တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ အခြေအနေများကြောင့် လန်ဒန်မြို့ရှိ မြန်မာသံရုံးအနေဖြင့် The Guardian သတင်းစာတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖော်ပြခဲ့သည့် ဆောင်းပါး(၂)ပုဒ်အပေါ် အောက်ဖော်ပြပါအတိုင်း တုံ့ပြန်အပ်ပါသည် -

မကြာသေးမီက The Guardian သတင်းစာတွင် ဖော်ပြခဲ့သည့် အယ်ဒီတာ့အာဘော်နှင့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး၏ ဆောင်းပါးများသည် နိုင်ငံတော်အစိုးရအား ပြည်သူများအပေါ် ထင်သလို ရမ်းကားနေသည့်ပုံစံ ဖော်ညွှန်းရေးသားခဲ့ကြပါသည်။ အနောက်တိုင်း မီဒီယာများကြောင့် မြန်မာနိုင်ငံအပေါ် အထင်မှားအမြင်မှား ဖြစ်စေခဲ့သည့်အပြင် အနောက်နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် လွယ်ကူသော ပစ်မှတ်တစ်ခုဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာသံရုံးအနေဖြင့် အောက်ပါအတိုင်း ဖြေရှင်းအပ်ပါသည်။

ရှေးဦးစွာ တပ်မတော်က အာဏာသိမ်းသည်ဟု စွပ်စွဲနေခြင်းမှာ မှားယွင်းနေပြီး အမှန်စင်စစ်မှာ အာဏာသိမ်းခြင်းမဟုတ်ဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေခြင်းသာဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မမှန်ကန်မှုများရှိခဲ့ပြီး နိုင်ငံရေးပါတီများနှင့် တပ်မတော်က အလေးထားတောင်းဆိုခဲ့သော်လည်း ယခင်အစိုးရလက်ထက်တွင် ဖြေရှင်းပေးရန် ပျက်ကွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၃၈.၂၇ သန်းအနက် ၁၁.၃၀ သန်း (၂၉.၅၄ ရာခိုင်နှုန်း) မှာ မဲစာရင်းလွဲမှားမှုများ ရှိနေကြောင်း နောက်ပိုင်းတွင် စိစစ်တွေ့ရှိခဲ့ရပါသည်။ စေ့စပ်ညှိနှိုင်းရေးအတွက် တပ်မတော်အနေဖြင့် ဥပဒေဘောင်အတွင်းမှ လုပ်ဆောင်ခဲ့သော်လည်း လျစ်လျူရှုခြင်းကို ခံခဲ့ရပါသည်။

ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ခြင်းမှတစ်ပါး အခြားရွေးချယ်စရာမရှိခဲ့ပါ။ တပ်မတော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သူအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ကာ ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပပြီးနောက် အနိုင်ရရှိသည့်ပါတီသို့ အခွင့်အာဏာ ပြန်လည်အပ်နှင်းရန် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပါ။

မတရားအသင်းများဖြစ်ကြသည့် CRPH ၊ NUG နှင့် PDF အဖွဲ့များအနေဖြင့် တရားဝင်ဖြစ်စေရန် ကြိုးပမ်းမှုများရှိသော်လည်း ၎င်းတို့သည် ပြည်ပရောက်နိုင်ငံရေးသမားများနှင့် အစွန်းရောက်များဖြင့် ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့အစည်းများသာ ဖြစ်သည်။ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်ရေးကို အနှောင့်အယှက်ပြုရန်နှင့် အပြစ်မဲ့ အရပ်သားများကို ကြောက်ရွံ့မှုတိုးမြင့်လာစေရန် ၎င်းတို့သည် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ အပြစ်မဲ့အရပ်သားများအား တိုက်ခိုက်ရန် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သော ဆက်စပ်ပစ္စည်းများကို ယင်းအဖွဲ့များထံမှ သိမ်းဆည်းရမိခြင်းတို့ကို ထောက်ရှု၍ ၎င်းတို့သည် အစိုးရဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမြင်မတူသော နိုင်ငံရေးပါတီဝင်များကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်နေကြောင်း သက်သေပြလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်အထိ အဆိုပါ မတရားအသင်းအဖွဲ့အစည်းများ၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူ (၄,၅၄၃) ဦး သေဆုံးခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းနေချိန်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေချိုးဖောက်သူများကို ဥပဒေအရအရေးယူခဲ့ပြီး ကျူးလွန်သူအချို့မှာ အကြမ်းဖက်ရာဇဝတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် သေဒဏ်ချမှတ်ခြင်းခံခဲ့ရပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်အစိုးရသည် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် နိုင်ငံခြားသားများအပါအဝင် အကျဉ်းသားများကို လွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။ သို့သော်လည်း တစ်ဖက်တွင်မူ နိုင်ငံတော်အစိုးရသည် အကြမ်းဖက်သွေးထိုးလှုံ့ဆော်နေပြီး မိမိပြည်သူကို မိမိနှိမ်နင်းသကဲ့သို့ သရုပ်ဖော်ခံနေရပါသည်။

The Guardian အယ်ဒီတာ့အာဘော်သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် လုံးဝကွဲလွဲနေပါသည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများကို အာမခံချက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အပြည့်အဝတာဝန်ယူဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရွေးကောက်ပွဲ မသမာမှုများကို ဖြေရှင်းရေး၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ ငြိမ်းချမ်းရေးနှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရေးတို့အတွက် လမ်းပြမြေပုံ(၅)ရပ်ကို ချမှတ်ထားသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း အတွက် တစ်ခုတည်းသော လမ်းပြမြေပုံသာဖြစ်ပေသည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် နှစ်နှစ်စလုံး မြန်မာနိုင်ငံသို့ လာရောက်ခဲ့သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များနှင့် COVID-19 ကြောင့် ခံစားခဲ့ရသည့် စီးပွားရေးအကျပ်အတည်းများ အခြေအနေမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှဆောင်ရွက်ပေးနိုင်ခဲ့သည်ကို သတိပြုမိကြပေလိမ့်မည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ဗြိတိန်၏ ပိတ်ဆို့အရေးယူမှုများ ထိရောက်မှုနှင့် ပိတ်ဆို့အရေးယူမှုများကို ဗြိတိန်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ထိရောက်စွာ မည်သို့မည်ပုံ ချမှတ်နိုင်ကြောင်း စောဒကတက်ခဲ့ပါသေးသည်။ သို့သော် ပိတ်ဆို့အရေးယူမှုများသည် အလုပ်မဖြစ်သည့်အပြင် သာမန်အခြေခံလူတန်းစားကို ထိခိုက်နေစေမည်သာဖြစ်သည်ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားခဲ့မိပုံ မရပေ။ ပိတ်ဆို့အရေးယူမှုများသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နှောင့်နှေးစေမည်သာဖြစ်ပြီး ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခများသည် ကိုလိုနီခေတ်၏ ဆိုးမွေများ ဖြစ်ကြောင်း သတိချပ်သင့်ပေသည်။ ဗြိတိန်အနေဖြင့် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့ချိန်မှစ၍ ယနေ့အထိ ၎င်းတို့တွင် တာဝန်ရှိခဲ့ကြောင်း ဝန်ခံခဲ့ခြင်းမရှိသေးပေ။

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ၏ စိုးရိမ်မှုများကို နားလည်ပါသည်။ သို့သော်လည်း အာဆီယံ၏ တူညီဆန္ဒ (၅) ရပ်အပါအဝင် ပြင်ပမှ လုပ်ငန်းစဉ်များသည် နိုင်ငံတော်အစိုးရ၏ လမ်းပြမြေပုံ (၅) ရပ်နှင့် ဆန့်ကျင်ဘက်မဖြစ်စေဘဲ သဟဇာတဖြစ်ရန် လိုအပ်ပါသည်။ ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်း၊ အချိန်ကာလသတ်မှတ်ခြင်းနှင့် ဖိအားပေးခြင်းတို့သည် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများထက် ပိုမို၍အပျက်သဘောဆောင်သည့် သက်ရောက်မှုများကိုသာ ဖန်တီးပေးနေမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ၏နားလည်မှု လိုအပ်နေပါသည်။ သို့သော်လည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို နိုင်ငံတကာ၏ ထောက်ခံမှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဆက်လက်လျှောက်လှမ်းသွားမည်သာဖြစ်ပေသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်းရှိ

**(၂၆-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၂၃,၅၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၁၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၂၅ | ၂၃၀၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၂၉၀၀ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၁၅ | ၂၄၀၀ | ၂၃၈၀ | ၂၄၈၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၄ | ၂၂၃၁ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၃၂၉ | ၂၄၀၅ |
| HSD (50 ppm) | ၂၄၀၃ | ၂၄၈၀ |
| HSD (10 ppm) | ၂၄၀၃ | ၂၄၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရှိ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။





အဆိုပါ ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာဇော်မြင့်၊ ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ် သက်အောင်၊ ဗိုလ်ချုပ် နေမျိုးဦး၊ ဗိုလ်မှူးချုပ် လှမိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဇန်နဝါရီ ၂၇ ရက်တွင် ဘောလုံး(အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Myanmar Disaster Alert (MDA) Mobile App မိတ်ဆက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲရလဒ်များ တင်ပြခြင်းအစီအစဉ်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရေးဆွဲထားရှိသော Myanmar Disaster Alert (MDA) မိုဘိုင်းအက်ပလီကေးရှင်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲရလဒ်များ တင်ပြခြင်းအစီအစဉ်ကို ယမန်နေ့မွန်းလွဲပိုင်းက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးတစ်ခုဖြစ်လာပါက ယင်းဒေသရှိ ပြည်သူများသည် ပထမဦးဆုံး တုံ့ပြန်ဆောင်ရွက်ရသူများဖြစ်သည့်အတွက် သဘာဝဘေးတစ်ခုချင်းစီ၏ အသိပညာ၊ ဗဟုသုတများရှိနေရန် လိုအပ်ကြောင်း၊ ယနေ့ကာလသည် သတင်းအချက်အလက် နည်းပညာခေတ်ဖြစ်ပြီး ပြည်သူများအကြားတွင်လည်း အသုံးပြုရန် လွယ်ကူလာသည့်အချိန်တွင် ယခုကဲ့သို့ နည်းပညာကို အသုံးပြုပြီး ပြည်သူကို အသိပညာပေးနိုင်ရန်အတွက် MDA မိုဘိုင်းအက်ပလီကေးရှင်းကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် ကြိုတင်သတိပေးချက်များကို ပြည်သူလူထုထံ အချိန်မီပေးပို့နိုင်ရန်နှင့် ဖြစ်လာမည့်ဘေးအန္တရာယ်နှင့်စပ်လျဉ်းပြီး ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အလွယ်ကူဆုံးနည်းစနစ်ဖြင့် အသိပေးနိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ အက်ပလီကေးရှင်းတွင် မြန်မာနိုင်ငံ၌ အဖြစ်များသော သဘာဝဘေး ကိုးမျိုးနှင့် စပ်လျဉ်းပြီး ဆောင်ရန်/ရှောင်ရန်အချက်များကို လေ့လာနိုင်ရန် လက်ကမ်းစာစောင်များနှင့် ဗီဒီယိုဖိုင်များကိုပါ ထည့်သွင်းပေးထားပါကြောင်း၊ သုံးစွဲသူများအတွက် အသုံးဝင်အကျိုးရှိစေမည့် အက်ပလီကေးရှင်းတစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးပြုနိုင်စေရေး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဆက်လက်ဖြန့်ဝေပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဦးစီးဌာန၏ ပင်မလုပ်ငန်းတစ်ခုဖြစ်သည့် ထောက်ပံ့မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး ထောက်ပံ့ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ရုံများတွင် ထိန်းသိမ်းထားရှိခြင်း၊ ဖြန့်ခွဲခြင်းများ စနစ်တကျရှိစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘေးသင့်သူများကို ငွေကြေး၊ ပစ္စည်းများ ထောက်ပံ့မှုအတွက်လည်း တိကျသည့်မူဝါဒများ၊ စနစ်များ၊ ထောက်ပံ့မှုလမ်းညွှန်များ ချမှတ်ကာ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် ထိရောက်သည့် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများဖြစ်စေရေး ဓာတ်တိုက်လေ့ကျင့်ခန်း လမ်းညွှန်ထွက်ရှိစေရေး ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အစပြုဆောင်ရွက်ခြင်းသည် သဘာဝဘေးအသိပညာပေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အားလုံးစုစည်းညီညွတ်စွာဖြင့် ဌာနတိုးတက်အောင်မြင်ရေး တစ်ဦးချင်းစီမှ လုပ်ငန်းတာဝန်များနှင့်အညီ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ MDA မိုဘိုင်းအက်ပလီကေးရှင်း ရေးဆွဲဆောင်ရွက်ခဲ့မှု၊ အသုံးပြုပုံနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့အလိုက် ဆွေးနွေးချက်ရလဒ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ရှင်းလင်းတင်ပြကြရာ ဆွေးနွေးတင်ပြချက်များကို ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံ (၇၄) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၄) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် ဇနီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော ညှော်သည်တော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Shri Vinay Kumar၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးတို့က အခမ်းအနား တက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တစ်နိုင်ငံလုံးပစ်ခတ်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV– HD Channel၊ MRTV–News Channel၊ MRTV တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ MRTV Website နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇန်နဝါရီ ၂၆**

လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဦးနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးတို့အတွက် မြို့ပေါ်ရပ်ကွက် ခုနစ်ခုရှိ ထရန်စဖော်မာ ၁၄ လုံးမှ ၄၀၀ ဗို့အားလိုင်း ၁၀ မိုင်ကို Insulated Cable များဖြင့် အစားထိုးလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။ **ဝေကြည်(ပြန်/ဆက်)**



## အမေရိကန်သမ္မတဟောင်း ထရမ့်၏ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်အကောင့်များ မက်တာကုမ္ပဏီမှ ပြန်လည်အသုံးပြုခွင့်ပေး

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ် အကောင့်များကို ပြန်လည် အသုံးပြုခွင့်ပေးမည်ဟု လူမှုကွန်ရက်မီဒီယာကုမ္ပဏီကြီး ဖြစ်သည့် မက်တာ က ပြောသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ကက်ပီတော်တွင် ကြောက်မက်ဖွယ် အဓိကရုဏ်းဖြစ်ခဲ့ပြီးနောက် အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ ဆိုရှယ်မီဒီယာ အကောင့်များ ဆိုင်းငံ့ခံခဲ့ရခြင်း ဖြစ်သည်။

ထရမ့်၏ ဆိုရှယ်မီဒီယာ အကောင့်ကို နှစ်နှစ်တာ အသုံးပြုခွင့် ပိတ်ပင်ခဲ့ပြီးနောက် လာမည့် သီတင်းပတ်များအတွင်း ပြန်လည် အသုံးပြုခွင့် ပေးတော့မည်ဟု မက်တာ ကုမ္ပဏီမှ တစ်ကမ္ဘာလုံးဆိုင်ရာ ဥက္ကဋ္ဌဖြစ်သူ နစ်ကလက်ဂျ်က ပြောသည်။ အများပြည်သူများ အန္တရာယ်ဖြစ်စေနိုင်မှုသည်လည်း လျော့ကျလာသည့်အတွက် ယခုလို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

နိုင်ငံရေး သမားများက အကောင်း၊ အဆိုးနှင့် ရုပ်ဆိုးဖွယ် ဖြစ်ရပ်များကို ပြောကြားသည်ကို ပြည်သူများကြားနာခွင့်ရရှိသင့်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ သို့သော်လည်း ယခင်ဖြစ်ရပ်အတိုင်း နောက်တစ်ခါထပ်၍ ကျူးလွန်ပါက ပြင်းပြင်းထန်ထန် အပြစ်ပေးမှုများနှင့် ရင်ဆိုင်သွားရမည်ဟု ၎င်းက သတိပေးခဲ့သည်။ တွစ်တာကုမ္ပဏီကို အီလွန်မက်စ် ဝယ်ယူပြီးသည့်နောက် ထရမ့်၏ တွစ်တာအကောင့်ကို ပြန်လည် အသုံးပြုခွင့်ပေးခဲ့သည်။


အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်

အင်န်အိတ်ချ်ကေ

## ၂၀၂၂ ခုနှစ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ စီးပွားရေးမှာ ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးလာ

**တက်စ်ကန့် ဇန်နဝါရီ ၂၆**

၂၀၂၂ ခုနှစ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဂျီဒီပီသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံ၏ စာရင်းအင်းကော်မတီမှထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဂျီဒီပီသည် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၇၉ ဘီလီယံဝန်းကျင်သို့ ရောက်ရှိကြောင်း ကော်မတီမှ ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၂၀ ရက်က ပါလီမန်နှင့် နိုင်ငံအတွက် နှစ်ပတ်လည်မိန့်ခွန်းတွင် သမ္မတ ရှာဗ်ကက် မက်ဇီယိုယက်က ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဂျီဒီပီပမာဏသည် ၂၀၂၂ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ပြောကြားသည်။ ၂၀၁၈ ခုနှစ်အတွင်းကလည်း နိုင်ငံ၏ ဂျီဒီပီသည် ၅၂ ဘီလီယံဒေါ်လာရှိခဲ့ကြောင်း သမ္မတက ပြောကြားသည်။

ဆင်ဟွာ



## ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အအေးဒဏ်ကြောင့် လူ ၁၀၀ ကျော် သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၂၆**

အာဖဂန်နစ္စတန် နိုင်ငံတစ်ဝန်းဆယ်စုနှစ်တစ်ခုအတွင်း နိုင်ငံ၏ အအေးဆုံး ဆောင်းရာသီကြောင့် ယခုနှစ်အတွင်း လူ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း တာလီဘန် တာဝန်ရှိသူများက ပြောကြားသည်။

အလွန်အေးသည့် လေထုသည် ဒေသအတွင်း ကျရောက်ခဲ့ပြီး အပူချိန်မှာ ပုံမှန်ထက် လျော့နည်းခဲ့ကြောင်း၊ မြို့တော် ကဘူးလ်ဝန်းကျင် ဒေသများတွင် ယခုလအတွင်း အပူချိန်မှာ အနုတ် ၂၀ ဒီဂရီစင်တီဂရိတ် အောက် ကျဆင်းခဲ့ကြောင်း သိရသည်။




ကလေးငယ်များ အပါအဝင် လူအများအပြားမှာ ကျန်းမာရေးဆိုင်ရာကြောင့် သို့မဟုတ် အအေးဒဏ်ကြောင့် သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ နာဂျီဘာအမည်ရှိအမျိုးသမီးတစ်ဦး၏ မြေးမလေး အာမီဒီရာမှာ ယခုလ အစောပိုင်းက ဖျားနာပြီး သေဆုံးခဲ့ကြောင်း သိရသည်။ အာမီဒီရာ၏ အဖေမှာ နေ့စား အလုပ်သမား တစ်ဦးဖြစ်သည်။ အဆိုပါ မိသားစုမှာ အစားအစာ၊ ဓာတ်ငွေ့နှင့် ၎င်းတို့နေအိမ်ကိုအပူဓာတ် ရရှိစေရန်အတွက် ထင်းများ ဝယ်ယူရန် ငွေမလုံလောက်ကြောင်း နာဂျီဘာက ပြောသည်။ တာလီဘန်တို့သည် ကုလသမဂ္ဂနှင့် အခြားနိုင်ငံများမှ အကူအညီ ရရှိရန်အတွက် တောင်းဆိုထားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ လူဦးရေ သုံးပုံနှစ်ပုံ (၂၈ သန်း) မှာ ဆင်းရဲမွဲတေမှု၊ အစားအစာ ပြတ်လပ်မှုနှင့် အရေးပေါ်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

အင်န်အိတ်ချ်ကေ

## နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူ ၂၇ ဦး ထက်မနည်းရှိလာ

**အဘူဂျာ ဇန်နဝါရီ ၂၆**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း နာဆာဝါပြည်နယ်၌ ဇန်နဝါရီ ၂၄ ရက် ညပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ သေဆုံးသူ ၂၇ ဦး ထက်မနည်း ရှိကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၆ ရက်တွင် အတည်ပြုပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယခုအချိန်အထိ သေဆုံးသူ ၂၇ ဦးကို ပြန်လည်တွေ့ရှိကြောင်း နာဆာဝါပြည်နယ်မှ ရဲပြောရေးဆိုခွင့်ရှိသူ ရမ်ဟန် နန်ဆယ်က ပြောကြားသည်။ ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအေဂျင်စီများက ပေါက်ကွဲမှုဖြစ်ပေါ်စေသည့် အခြေအနေများကို ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း နန်ဆယ်က ဆင်ဟွာသို့ ပြောသည်။

ပေါက်ကွဲမှုဖြစ်ပွားစေသည့်နောက်ကွယ်မှလူများကို ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန် ပြည်နယ်အုပ်ချုပ်ရေးမှူး အဗ္ဗဒူလာဟိ ဆူးလေ က ကတိပြုပြောကြားသည်။

ဆင်ဟွာ

## ဂျာမနီနိုင်ငံ ဘူတာရုံ၌ ဓားဖြင့် တိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံး

**ဘာလင် ဇန်နဝါရီ ၂၆**

ဂျာမနီနိုင်ငံ မြောက်ပိုင်း၌ ဇန်နဝါရီ ၂၅ ရက်က ရထားတစ်စင်းပေါ်တွင် ဓားကိုင်ထားသည့် လူတစ်ဦးက ခရီးသွားများကို တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဓားဖြင့် တိုက်ခိုက်သူမှာ အသက် ၃၃ နှစ်အရွယ် ပါလက်စတိုင်းတစ်ဦးဖြစ်ပြီး ၎င်းကို ထိန်းသိမ်းထားခဲ့ပြီးနောက် အသေးစားဒဏ်ရာများအတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယင်းသို့တိုက်ခိုက်မှုအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ရဲများကပြောသော်လည်း မည်သည့် မှတ်ချက်မှ ထပ်မရခဲ့ပေ။ ရထားမှာ ကီးယယ်မှ ဟမ်းဘာ့ဂ်သို့ သွားနေစဉ် ညနေ ၃ နာရီဝန်းကျင်တွင် ဓားဖြင့် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိခိုက်ခံရသူများ၏ အချက်အလက်များကိုမူ မသိရသေးကြောင်း။ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ကီးယယ်မှ ဟမ်းဘာ့ဂ်သို့ ပြေးဆွဲသည့် အခြားသော ရထားများကိုလည်း ပြေးဆွဲမှု ခေတ္တရပ်နားထားသည်။

ဂျာမနီနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ဓားဖြင့် တိုက်ခိုက်မှုများ ကြုံတွေ့လာရသည်။ အစွန်းရောက်သမားများနှင့် အခြားသော စိတ်ပိုင်းဆိုင်ရာ ဝေဒနာဆိုးဆိုးရွားရွား ခံစားနေရသည့် လူများက တိုက်ခိုက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် မေလကလည်း ဒရက်စတန်မြို့ အရှေ့ပိုင်းတွင် ဂျာမန်အမျိုးသားတစ်ဦး သေသည်အထိ ဓားထိုးခံရပြီး ၎င်း၏ လက်တွဲဖော်မှာလည်း ဒဏ်ရာ ပြင်းပြင်းထန်ထန်ရရှိခဲ့ရာ ယင်းသို့ ဓားထိုးမှု ကျူးလွန်ခဲ့သူ ဆီးရီးယား အစွန်းရောက်တစ်ဦးကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။




အင်န်အိတ်ချ်ကေ

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်၍ စုပေါင်းကုသိုလ်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၆**

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များနှင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော် ကြည်ညိုနိုင်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးတော်များနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြု စုပေါင်းဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဘုရား၊ စေတီများနှင့် ရုပ်ပွားတော်များအား ရောင်တော် ဖွင့်ပေးခြင်း၊ ထုံးသင်္ကန်းများ ဆက်ကပ်ခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြု ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ ကသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော် အေးချမ်းသာယာစေရန်၊ နိုင်ငံအဝန်းဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ပြည်သူများ စိတ်ကြည်နူးအေးချမ်းစေရန်ရည်ရွယ်၍ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝတ်ရွတ်အသင်းများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဓမ္မာရုံများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါးပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဆိုပူဇော်လျက်ရှိသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများ၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်/တပ်ရင်းများရှိ ဘုရားစေတီပုထိုးများနှင့် ဓမ္မာရုံများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း မြို့နယ် ငါးမြို့နယ်ရှိ ဓမ္မာရုံများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တိုင်းဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း မြို့နယ် ၁၁ မြို့နယ်ရှိ ဓမ္မာရုံများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရိယတ္တိကျောင်းတိုက်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း မြို့နယ် ခုနစ်မြို့နယ်ရှိ ဓမ္မာရုံများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ မြို့နယ်ရှိ စေတီတော်မြတ်ကြီးများ၊ ဓမ္မာရုံများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်ဓမ္မာရုံများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်တို့ရှိ ဓမ္မာရုံများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ နန်းဦးဆုတောင်းပြည့် ဘုရားဝင်းအတွင်းရှိ ရန်အောင်မြင်ဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌ လည်းကောင်း အသီးသီး ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများနှင့် ဝတ်ရွတ်အသင်းများ တက်ရောက်၍ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သက်ဆိုင်ရာဝတ်အသင်းများက အတွင်း အောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်း ပရိတ်တရား တော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာ ဂါထာတော်များကို အသီးသီး ဆက်လက် ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ဆွမ်ပရာဘွမ်မြို့၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်



**ဆွမ်ပရာဘွမ် ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့၌ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းမှုဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက နှစ်ခြင်းအသင်းတော် (KBC) ဘုရားကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ဆွမ်ပရာဘွမ်မြို့ ဝါစပ်ခူးရပ်ကွက်ရှိ နှစ်ခြင်းအသင်းတော် (KBC) ဘုရားကျောင်းဝင်း၌ သန့်ရှင်းသာယာလှပစေရန် မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်သိမ်းခြင်း၊ ကျောင်းအဝင်လမ်းတွင် အမှိုက်များ ရှင်းလင်းခြင်း၊ အမှိုက်များ လှည်းကျင်းခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုလုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့်အဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးကျော့နှင့် အဖွဲ့ဝင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ နှစ်ခြင်းအသင်းတော် (KBC) မှ အသင်းသူ အသင်းသားများက ပူးပေါင်းပါဝင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆွမ်ပရာဘွမ်မြို့ မြို့မရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းရှိ ဆုတောင်းပြည့်စေတီတော်ရင်ပြင်နှင့် ဘေးပတ်ဝန်းကျင်များ၌ ယမန်နေ့ ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပေရယ်မိုး(ဆွမ်ပရာဘွမ်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁-၂၀၂၃ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
**၀၆:၃၀** သီတဂူဆရာတော်ဘုရားကြီး၏အပြင်အောင်ခြင်း (၈)ပါး(ရှစ်လုံးဖွဲ့ကဗျာ)ပူဇော်သည်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၂၀** ၂၀၂၂-၂၀၂၃ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်
**၀၉:၂၅** ပြည်ထောင်စုနေ့ ဝုဏ်ပြုတေးသီချင်း
**၀၉:၃၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ပြည်ထောင်စုနေ့ဝုဏ်ပြုအစီအစဉ်
**၁၁:၅၀** သီတဂူဆရာတော်ဘုရားကြီး၏အပြင်အောင်ခြင်း (၈)ပါး(ရှစ်လုံးဖွဲ့ကဗျာ)ပူဇော်သည်
**၁၃:၃၀** MRTV National News
**၁၅:၀၀** ပြည်ထောင်စုနေ့ဝုဏ်ပြုအစီအစဉ်
**၁၅:၂၀** လူငယ်ရေးရာအစီအစဉ်
**၁၆:၃၅** မျိုးဝုဏ်တင့်စေဆိုကရေးတီးအငြိမ့်
**၁၇:၁၅** ASEAN Information Exchange Initiative Program 2022 (Part-13)
**၁၇:၃၅** Weekly Sports Info
**၁၇:၅၀** သီတဂူဆရာတော်ဘုရားကြီး၏အပြင်အောင်ခြင်း (၈)ပါး(ရှစ်လုံးဖွဲ့ကဗျာ)ပူဇော်သည်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၄၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ညီညွတ်ရေးသံစဉ်တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၀၀** တပ်မတော်(ရေ) ဝုဏ်ပြုဇာတ်လမ်း 'ကြယ်ညွှန်ရာသစ္စာ' (အပိုင်း-၁၁)

**mitv**

**07:02** Evergreen Classic: Migadawon (Tekkatho Lei Lei)
**07:09** Mommy Cook: The Foster Mother
**07:28** Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
**07:53** Myanmar Puppet
**08:01** News
**08:27** Enchanting Myeik
**08:42** Conflict & Solution Between Man & Elephant
**09:01** Listening Pleasure, Instrumental Music (Mandolin) Ghost of Banyan
**09:12** Five-Star Ocean Liners in Myanmar Waters
**09:27** Fine Arts Podium (Conch Shell Wind Instrument)
**09:42** The Lives of Stone Slab and Mortar Makers
**10:01** News
**10:26** Topical Topics (No.32) Widen Scope for the Future of the Planet Earth

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
သပြေသီးဟင်းနှင့်ပုစွန်ကြော်
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ကျောက်တော်တောင်ပွဲ(ဗုဒ္ဓပူဇနီယပွဲတော်)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
မောတို့ဌာနေ မြို့ညောင်ရွှေနှင့်အင်းလေးအလှ
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အဖိမြန်မာပြည်မြောက်ဖျားစွန်းဘက်က ရေခဲတောင်ရိုးရာဆီ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
အလှဖြာဝေငွေတောင်ပြည်
**ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ဖိနပ်လေးများ
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဖိုင်းဖြူရွာကရေလုပ်သားကြီးဘဝ
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၁၅** ရသစုံစွာဤမြေကမ္ဘာ
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၄၅** ပင်လယ်ရေအောက်နစ်မြုပ်ပျောက်ကွယ်တော့မယ့်ဖိလစ်ပိုင်နိုင်ငံရဲ့ ကျွန်းစုလေး ဘတ်တာဆန်
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** တို့ဓလေ့နှင့်တို့သဘာဝ
**၀၇:၀၀** ကျေးလက်ကွန်ရက်
**၀၇:၄၅** နွေနှောင်းရက်ကျန်ကိုအလှဆင်လေသည့် ရွှေဝါရောင်စပါးတို့၏အိမ်အပြန်လမ်း
**၀၈:၂၀** ပဲ၊ နှမ်းစိုက်ပျိုးဝင်ငွေတိုး
**၀၉:၀၀** မြသားလယ်ပြင်မျိုးသန့်နှင့်အလှဆင် (ဇာတ်လမ်းတို)
**၀၉:၃၀** ချိုချဉ်ဖန်ခါးစုံလင်တဲ့ကော်ဖီသီးနှံအလှ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၈ -၁ - ၂၀၂၃ ရက် (စနေနေ့) တွင်ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၄) တွင်** ရွှေပိုးနှင့် ဇွန်မိတို့သည် ဦးလေးမေးသော ဉာဏ်စမ်းမေးခွန်းကို စိတ်ဝင်တစားနားထောင်ကာ စဉ်းစား အဖြေပေးကြပုံအကြောင်း တင်ဆက်ထားသည့် "ဉာဏ်စမ်း" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာဦးစကျောက်ခေတ်လူသားတို့၏ ကျောက်သားများကို အသုံးပြု၍ ရိုးရှင်းသော လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် တီထွင်ခဲ့ပုံအကြောင်း တင်ဆက်ထားသည့် "တီထွင်မှုအစ ရှေးဦးလူတို့က" သုတဆောင်းပါး၊ ကလေးတို့ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ အဘိုးထံတွင် မုန့်ဖိုးအကြွေးယူသော ကီးကီးအကြောင်း ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ကီးကီးနှင့် သူ၏ဘိုးဘိုး" နှစ်မျက်နှာကာတွန်း၊ သတ္တမတန်း ကျောင်းသားမောင်ခန့်ဇော်၏ "ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း တစေ့တစောင်း" စာစီစာကုံးကဏ္ဍ၊ ကလေးတို့အနေဖြင့် ပုံပြင်ကာတွန်းစာအုပ်များကို ဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ရွှေသွေးမောင်မယ်တို့အနေဖြင့် တန်ဖိုးရှိလှသော စိတ်ကောင်းနှလုံးကောင်းကို ကိုယ်စီမွေးမြူထားကာ လောကကောင်းကျိုး သယ်ပိုးတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်) ၏ "နှလုံးသားလှပါစေ" ကဗျာကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်း ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




သတင်းစဉ်

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ယနေ့စျေးကွက်ပေါက်စျေးများ

၂၆ - ၁ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး တစ်ကျပ်သား ကျပ် | ၂၂၉၁၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်စျေး တစ်ကျပ်သား ကျပ် | ၂၂၈၆၇၀၀ |
| ကမ္ဘာ့ရွှေစျေးအဖွင့်စျေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၄၆ |
| ကမ္ဘာ့ရွှေစျေးအပိတ်စျေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၄၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီစျေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၂၀ ကျပ် | ၂၅၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၈၅ ကျပ် | ၂၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၈ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၆၀၀ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၄ . ၀၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၁၆ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၉၄ . ၆၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၅၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၂၂ | ၄၄၈၉၂၀၀ |
| MTSH | ၃၂၀၀ | ၃၃၀၀ | ၂၂၃ | ၇၂၃၆၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၆၅ | ၄၈၇၅၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၃၈၅၉ | ၆၉၄၆၂၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၀ | ၂၆၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၃၂၀ | ၁၅၆၈၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အမှတ် (၂) တပ်မတော်စစ်ဆေးရုံသို့ အောက်ဆီဂျင်စက်များ ပေးအပ်လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဆေးရုံတက်ရောက်ကုသနေသော လူနာများအသုံးပြုနိုင်ရန်အတွက် အောက်ဆီဂျင် (Oxygen Concentrator) စက် ခြောက်လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၂) တပ်မတော်စစ်ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ကောင်စီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ပြီး ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ တစ်လုံးလျှင် ငွေကျပ် ၂၀၃၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင် (Oxygen Concentrator) ခြောက်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၁၈၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အမှတ် (၂) တပ်မတော်စစ်ဆေးရုံ တပ်မှူး ဗိုလ်မှူးချုပ် ဇော်မျိုးဟန်က လက်ခံရယူသည်။ ထို့နောက် တပ်မှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

**သတင်းစဉ်**

## သာပေါင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**သာပေါင်း ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီကစတင်၍ ဆောင်ရွက်လျက်ရှိသည်။



သာပေါင်းမြို့နယ်အတွင်းရှိ လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေးတို့အတွက် သာပေါင်းမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းထက်နှင့် ဝန်ထမ်းများက ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ မီတာများ စစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

## ပဲခူးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ပဲခူး ဇန်နဝါရီ ၂၆**

ပဲခူးမြို့နယ်ရှိပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များ သိရှိလိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း(ဘုရားကြီး) ကျောင်းခန်းမ၌ အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပဲခူး)၊ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အေးနိုင်သန်းက ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၉၅ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မော်တော်ယာဉ်ဥပဒေ/ နည်းဥပဒေပါ သွားလာမှု စည်းကမ်းများကို အသိပညာပေးဆွေးနွေးကာ ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အလားတူ ပဲခူးမြို့ အချက်အချာကျသောနေရာများ၌ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ လမ်းအသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**



## ပေါင်းတည်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပေါင်းတည် ဇန်နဝါရီ ၂၆**

ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အ.ထ.က ပေါင်းတည်ကျောင်း ပညာရေတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးဆင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းရာဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်/ဆက်ဦးစီးအရာရှိနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် စာပေ"၊ "လူငယ်နှင့်အခွင့်အလမ်း"၊ "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်"နှင့် "လူငယ်နှင့် အချိန်၏တန်ဖိုး" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ ဆွေးနွေးပေးသော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားသည်။




ထို့နောက် ကျောင်းသားကျောင်းသူများသည် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **အေးအေးဆင့်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြား ရန်ကုန်- မော်လမြိုင် မီးရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ



ရတခ ခလွန်ချောင်းတံတားအမှတ်(၄၁) အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ထားရှိမှုအား သက်မဲ့ပြုလုပ်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြားရှိ ရန်ကုန်- မော်လမြိုင် မီးရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင် ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြားရှိ ရန်ကုန်- မော်လမြိုင် မီးရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိုင်းပေါက်ကွဲမှုကြောင့် ခလွန်ချောင်းတံတားအမှတ်(၄၁)၊ မိုင်တိုင်(၈၈) နေရာ၌ ရထားလမ်းကူး သံပေါင်ဘေလီတံတား အပေါ်မင်းကုန်း(Topcord) တစ်ခုတွင် ၆ လက်မခန့်ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရပြီး ရထားဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရသည်။

အဆိုပါနေရာ ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းခဲ့ရာ တံတားပေါ်တွင် ထောင်ထားသည့် ဒေသန္တရလက်လုပ် ရီမုမိုင်း ၁၀ လုံး ထပ်မံတွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်မဲ့ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ရထားလမ်းကူးတံတား ပျက်စီးမှုအား နယ်မြေခံမြို့ပြအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများက အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ပြုပြင်လျက်ရှိကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၅ ဦးကို ကျေးရွာများရှိ ဖြဟ္မာဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၉ ဦး၊ ခွဲစိတ်ရောဂါ ၃၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၄၀၊ အရိုးရောဂါ ၉၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၈၆ ဦးနှင့် သွားရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၂၇ ဦး နှင့် မျက်စိခွဲစိတ်လူနာ ၁၇ ဦးတို့ကို ခွဲစိတ် ကုသပေးခြင်းများ နှင့် ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၆၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**




## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကျွန်းတောလမ်း၊ Crystal Residences၊ ၂၁-လွှာ၊ အခန်းအမှတ်-2101 ဟုခေါ်တွင်သည့် ဧရိယာ-၁၈၈၅ စတုရန်းပေအကျယ်အဝန်းရှိ ရေ မီးအစုံ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယာဉ်ရပ်နားခွင့် (၁)နေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကျော်စွာစိုး (၁၂/အလန(နိုင်)၀၃၄၂၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါကွန်ဒိုတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး LL.B., LL.M.**

တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)

ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## မနှင်းဝေဝေလွင် (၁၂/တမန(နိုင်) ၁၃၁၆၅၄) သိစေရန် အသိပေးကြေညာခြင်း

ကိုရန်နောင်စိုး ၁၂/တမန(နိုင်)၁၀၂၄၈၆ နှင့် မနှင်းဝေဝေလွင် ၁၂/တမန(နိုင်) ၁၃၁၆၅၄ တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ စတင် လင်မယားအဖြစ်ဖြင့် အတူပေါင်းသင်းနေထိုင်ခဲ့ကြရာ သားဖြစ်သူ မောင်မင်းခန့်စိုး (ယခု အသက် ၆ နှစ်) ကို ထွန်းကားခဲ့ပါသည်။

ကိုရန်နောင်စိုးသည် အကောက်ခွန်မှူးအဖြစ်လုပ်ကိုင်ကာ ဇနီးဖြစ်သူ မနှင်းဝေဝေလွင်နှင့် သားဖြစ်သူ မောင်မင်းခန့်စိုးတို့အား ခင်ပွန်းတာဝန်နှင့် ဖခင်တာဝန်နှင့်အညီ မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့လျက် အိမ်ထောင်ရေးတာဝန်များကို ကျေပွန်စွာ တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း မနှင်းဝေဝေလွင်သည် ခင်ပွန်းနှင့်သားသမီးအပေါ် ဇနီးနှင့်မိဘဝတ္တရားနှင့်အညီ မဆောင်ရွက်ဘဲ အိမ်ထောင်ရေးဝတ္တရားများ ပျက်ကွက်ခဲ့သည့်အပြင် အိမ်ထောင်၏ ပစ္စည်းလက်ဝတ်ရတနာများအား ရောင်းချသုံးဖြုန်းခဲ့ပြီး စည်းကမ်းမဲ့ငွေကြေးသုံးစွဲခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့ကြောင့် လင်မယား မကြာခဏ စကားများခဲ့ကြကာ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့ဘဲ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သည့်အတွက် ကိုရန်နောင်စိုးမှ ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်း ဖြစ်လာသဖြင့် သားဖြစ်သူ မောင်မင်းခန့်စိုးနှင့်အတူ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ယခုတိုင် မနှင်းဝေဝေလွင်နှင့် သီးခြားနေထိုင်လျက်ရှိကြပြီး ကိုရန်နောင်စိုးမှလည်းကောင်း၊ မနှင်းဝေဝေလွင်မှလည်းကောင်း လင်မယားကွာရှင်းပြတ်စဲရန် သဘောတူထားသည်ကို ဆောင်ရွက်ရန်မှတစ်ပါး အဆက်အသွယ်မပြုလုပ်၊ အထောက်အကူမပြု ပြန်လည်ပေါင်းသင်းရန် လုံးဝဆန္ဒမရှိဘဲ လင်မယားအဖြစ်မှ စွန့်ပစ်ထားကြပြီး ဖြစ်ပါသည်။

မနှင်းဝေဝေလွင်သည် ကိုရန်နောင်စိုးနှင့် လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ် လက်မှတ်ရေးထိုးရန်အတွက် သဘောတူညီမှု ပြုထားသော်လည်း လက်မှတ်ရေးထိုးမည့်နေ့ရက် အကြိမ်ကြိမ် ပျက်ကွက်သောကြောင့် ကိုရန်နောင်စိုးမှ မနှင်းဝေဝေလွင်အား ဤကြော်ငြာပါသည့်ရက်မှ (၅-၂-၂၀၂၃) ရက်နေ့ နောက်ဆုံးထား လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ် လက်မှတ်ရေးထိုးရန် အောက်ပါလိပ်စာသို့ ဆက်သွယ် ဆောင်ရွက်ပါရန် အသိပေးကြေညာ တောင်းဆိုလိုက်ပါသည်။

ဤအသိပေးကြေညာခြင်းကြော်ငြာပါအတိုင်း မနှင်းဝေဝေလွင်မှ ဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ပါက ကိုရန်နောင်စိုးမှ မနှင်းဝေဝေလွင်အပေါ် ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုရန်နောင်စိုး (၁၂/တမန (နိုင်)၁၀၂၄၈၆)၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းထိန်**

B.A, H.G.P, R.L, D.B.L, D.M.L ၊ တရားလွှတ်တော်ရှေ့နေ

အမှတ် -၅၈ / ၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၂၁၀၇၂၉၇၇

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၅ နှင့် ဆက်နွှယ်သည့်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၆၄**

| | | |
|---|---|---|
| ဦးကျော်သူ | နှင့် | ၁။ ဦးကျော်မြ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်ကြီး) | | ၂။ ဒေါ်ဟန်ကြည် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၄၅၄)နေ (၁) တရားရှုံး ဦးကျော်မြ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးကျော်သူ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်ကြီး)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီလ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ကလျာဏီ (၂) လမ်း၊ အမှတ် (၅၇၀/က)၊ အကျယ်အဝန်း (၁၉ x ၈၀)ပေရှိသည့် ခြံမြေကွက်၊ ၎င်းခြံမြေကွက်ပေါ်တွင် နှစ်ပေါင်း ၄၀ခန့်ကတည်းက ပိုင်ဆိုင်နေထိုင်သည့် ဒေါ်စောဝင်း ၇/ပခန(နိုင်)၂၈၇၃၂၃နှင့် ဒေါ်စန်းစန်းမြင့် ၁၂/လမန(နိုင်)၀၆၁၂၆၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ် ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးမိုးလွင် (LL.B)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၇)

ဖုန်း-၀၉-၄၅၈၀၂၅၉၉၇

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေ ကျပ် ၈၆၄ ဒသမ ၄၀၃ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီများက အဆောက်အအုံများကို တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ပုံစံ၊ စံချိန်စံညွှန်းများကိုက်ညီစေရေး၊ အရည်သွေးပြည့်မီကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ကျောင်း၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့မှ အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနေ့များတွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**✪ ကျောဖုံးမှ**

နော်တင်ဟမ်အသင်း တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိခဲ့သော်လည်း သွင်းဂိုးရယူနိုင်သည်အထိ လုံလောက်သည့်စွမ်းဆောင်နိုင်မှုမျိုး မပြသနိုင်ခဲ့ပေ။ မန်ယူအသင်းအတွက် ဒုတိယဂိုးကို တိုက်စစ်ကစားသမားသစ် ဝက်ဟော့စ်က သွင်းယူနိုင်ခဲ့သည်။ အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို လူစားဝင်ကစားသမား အီလန်ဂါ၏ဖန်တီးမှုမှ ဖာနန်ဒက်စ်က သွင်းယူနိုင်ခဲ့သည်။ နော်တင်ဟမ်နှင့် မန်ယူအသင်းတို့၏ အီးအက်ဖ်အယ်ဖလား ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

# ကော့ကရိတ်မြို့၌ သန့်ရှင်းရေးဆောင်ရွက်

**ကော့ကရိတ် ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မြို့သာယာသန့်ရှင်းလှပစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီက အမှတ်(၄) ရပ်ကွက်ရှိ တောင်ပေါ်ကျောင်းစေတီတော်ဝင်းတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ကော့ကရိတ်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက တောင်ပေါ်ကျောင်းစေတီတော်ဝင်းအတွင်းရှိ အမှိုက်များ၊ သစ်ကိုင်းများ မြက်ပင်များ၊ ချုံနွယ်များ၊ ခုတ်ထွင်ရှင်းလင်းမီးရှို့ခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**ခင်မျိုးဝင်း**

**(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ စုပေါင်းရုံးနှင့်ဝန်ထမ်းအိမ်ယာ စီမံကိန်းတွင်လမ်းမီးမြေအောက်ဓာတ်အားလိုင်း တည်ဆောက်၍ လမ်းမီးထွန်းညှိခြင်းလုပ်ငန်းအတွက်(ပစ္စည်း + လုပ်အားခ)၊ ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါ သည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၃၀.၁.၂၀၂၃) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၄.၂.၂၀၂၃)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ AMI စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မီတာ Data အချက်အလက်များကို အလိုအလျောက်ဖတ်ရှုနိုင်ရေးအတွက်လိုအပ်လျက်ရှိသော Data Centrator Unit (DCU) & Accessoties (5000) Sets အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကိုဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၂၇.၁.၂၀၂၃) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၃.၂.၂၀၂၃)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7594 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇+၃၂ကံဘဲ့၊မြေကွက်အမှတ်-၆၅၊ဧရိယာ(၀.၁၂၃)ဧက၊မြေကွက်တည်နေရာအမှတ်-၆၅၊ခေမာသီလမ်းသွယ်၊မိကျောင်းကန်အပိုင်း(၃)၊သဃ်န်းကျွန်းမြို့နယ်၊ဦးမော်မော်(ခ)မိုးမော်(၁၂/ရကန(နိုင်)၀၁၆၄၀၃)၊ဒေါ်အေးမိမိထက်(၁၂/တမန(နိုင်)၀၀၂၃၀၂)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဦးမော်မော်(ခ)မိုးမော်(ခင်ပွန်း)ကွယ်လွန်သဖြင့်ကျန်အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်အေးမိမိထက်(၁၂/တမန(နိုင်)၀၀၂၃၀၂)မှတရားဝင်ဇနီးဖြစ်ကြောင်းနှင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာများ၊သေစာရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဥက္ကံ၊ ဦးပိုင်အမှတ်(၇၅ဆ)၊ ဧရိယာ(၀ဒသမ၁၉၄)ဧကရှိ ဒေါ်မြသိန်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးဝင်းနိုင် ၉/ပမန(နိုင်)၀၁၇၉၈၇မှ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၃၉/၂၀၀၈)(မိတ္တူမှန်)၊ အရောင်းအဝယ်စာချုပ်အမှတ်(၂၇/၂၀၀၈)၊ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၁၅၄/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မော်မော်လွင် အမည်ဖြင့် ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၂၁၉၆၊ ၂၁၉၇)၊ ဧရိယာ ၀ဒသမ၁၁၀ ဧကရှိ ဦးခင်မောင်သိန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးလှိုင်ဦး ၉/ပမန(နိုင်)၁၅၉၆၃၇မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## ကတ္တရာအရည်ပြည့်(၆၀/၇၀)Drum Type ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၂-၂၀၂၃(ဧပြီလမှမတ်လအထိ)ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရန်ပုံငွေမှကျခံ၍ ဆောင်ရွက်မည့်တောင်သမန်ကန်(ဦးပိန်တံတား)တည်ဆောက်ရေးလုပ်ငန်းနှင့် ကော်မတီနယ်နိမိတ်(၆)မြို့နယ်ရှိ လမ်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော ကတ္တရာအရည်ပြည့် (၆၀/၇၀) Drum Type ဝယ်ယူခြင်းအား (Open Tender)အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၁-၂၀၂၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၂-၂၀၂၃ရက် မွန်းတည့် ၁၂နာရီ
(ဂ) **တင်ဒါတစ်စောင်ဈေးနှုန်း** - ၁၀၀၀၀/-

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပုံစံများ ရောင်းချခြင်းနှင့်တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ-၁၅၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဘတ်ဂျက်ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ပစ္စည်းအရေအတွက်အား ဝယ်ယူခြင်း၊ တင်ဒါဖျက်သိမ်းခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လမ်းတံတားဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်ခင်သူဇာမင်း နှင့် တပ်ကြပ်ကြီးစာရေးလှထွေး
တရားလို တရားပြိုင်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁၀)၊ အကွက်ကြီး(၆၇)၊ အိမ်အမှတ်(၉၁)နေ တရားပြိုင် တပ်ကြပ်ကြီးစာရေး လှထွေး(ယခုနေရပ်လိပ်စာမသိသူ)အားသိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သူဇာမင်းက မှတ်ပုံတင်အိမ်မြေအရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားနှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်ခင်သူဇာမင်း နှင့် ဦးမြင့်ဝေ
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၄)၊ အကွက်ကြီး(၁၇)၊ အိမ်အမှတ်(၄၂)နေ တရားပြိုင် ဦးမြင့်ဝေ(ယခုနေရပ်လိပ်စာမသိသူ)အားသိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သူဇာမင်းက မှတ်ပုံတင်အိမ်မြေအရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားနှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

မြောင်းမြမြို့နေ ဦးသက်ထွန်း ၁၄/မမန(နိုင်)၂၆၁၅၀၈ ၏ သမီးဖြစ်သူ မမေဇင်ဖြိုး အထက (၂) Grade-10 ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၉-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက (ခွဲ) ကျောက်ဆည် Grade-10မှ မောင်မျိုးဇော်သူ၏ ဖခင်အမည်မှန်မှာ ဦးတင်အုန်း ၈/အလန(နိုင်)၂၀၀၇၁၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ပုပ္ပါးကျေးရွာအုပ်စု၊ Dr.သက်ဝင်း အမည်ပေါက် (က-၈၁) နှင့် Dr.တင်တင်ဝင်း အမည်ပေါက် (က-၈၂)အား ညောင်ဦးမြို့၊ ဝက်ကြီးအင်း၊ အမှတ်(၇) ရပ်ကွက်နေ ဦးမျိုးမင်းဦး ၉/ညဥန(နိုင်)၁၁၃၈၆၇မှ ဝယ်ယူထားရှိပြီး စလစ်မိတ္တူမှန် ပြန်လည်လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းဦး(ဖုန်း-၀၉-၅၁၈၆၈၅၈)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/3858, Daihatsu Hijet S201p P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသီဟဇော် ၁၁/ဂမန(နိုင်) ၀၃၁၆၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/9639, Bajaj 200, T/W အား စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်နေ ဦးရဲစိုးအောင် ၉/မနမ(နိုင်)၁၂၃၂၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/2534, Bajaj 200, T/W အား စစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးငြိမ်းမင်းအောင် ၁၁/စတန(နိုင်)၁၁၆၃၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(စစ်တွေ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၄

ဒေါ်ခင်သူဇာမင်း နှင့် တပ်ကြပ်ကြီးစာရေးဝင်းမောင်
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၁၀)၊ အကွက်ကြီး (၆၇)၊ အိမ်အမှတ် (၉၀)နေ တရားပြိုင် တပ်ကြပ်ကြီးစာရေး ဝင်းမောင် (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

